


# ပဋိစ္စသမုပ္ပါဒ်ချုပ်လို့ ဘုရားဖြစ်တော်မူသည်

ဟောကြားသောနေ့

(၂၄-၁၀-၆၁)

၇၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော
သစ္စာ(၄)ပါး တရားတော် အမှတ်စဉ်(၂၂)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ပဋိစ္စသမုပ္ပါဒ်ချုပ်လို့ ဘုရားဖြစ်တော်မူသည်

(၂၄–၁၀–၆၁)

ဒကာ ဒကာမတွေ သတိထားစရာကလေး ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘုရားအဖြစ်သို့ ဘယ်လိုရောက်လာပါလိမ့်မလဲ ဆိုတဲ့ မေးခွန်းထုတ်ဖို့ အရေးကြီးတယ်...။ (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ့်နှယ်ကြောင့်ဘုရားဖြစ်လာပါလိမ့်မလဲလို့မေးတော့ ဒကာ ဒကာမတွေက ပြောကြတယ်၊ ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး စွန့်လို့ ဘုရားဖြစ်တယ်လို့ အများတော့ မှတ်ကြမယ်...။ (မှန်ပါ့ဘုရား)။

မဟုတ်ပါဘူးတဲ့...။ (မှန်ပါ့)၊ မဟုတ်ဘူးတဲ့ ဒကာဒကာမတို့၊ ပဋိစ္စသမုပ္ပါဒ်အဖြစ်ကိုလဲ သိတယ်၊ ပဋိစ္စသမုပ္ပါဒ် အချုပ်ကိုလဲ သိတယ်...။ (မှန်ပါ့)။

## ဘယ့်နှယ်ကြောင့် ဘုရားဖြစ်လာပါလိမ့်

ပဋိစ္စသမုပ္ပာဒ်အဖြစ် ဒုက္ခသစ္စာကိုလဲ သိတယ်...။ (မှန်ပါ့)၊ ပဋိစ္စသမုပ္ပာဒ်အချုပ်ဆိုတဲ့ နိရောဓသစ္စာကိုလဲ သိတယ်...။ (မှန်လှပါ)။

အဲဒါကြောင့် ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိပြီးသကာလ ဒုက္ခချုပ်တဲ့ဉာဏ်ကို ရသောကြောင့် နိရောဓသစ္စာ မျက်မှောက်ပြုနိုင်ပါတယ်...။ (မှန်ပါ)။

ဒါ့ကြောင့် ကိုယ်တော်မြတ်ကြီး ဘုရားအဖြစ်သို့ ရောက်ပါတယ်၊ ဒါ့ကြောင့် ဘုရားဖြစ်တဲ့အချိန်ကစပြီး သကာလ...

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊<br>
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။<br>
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊<br>
ယတော ပဇာနာတိ သဟေတုဓမ္မံ။

ခန္ဓာဖြစ်ကြောင်းတွေ ငါ သိပါတယ်ကွာ တဲ့...။ (မှန်ပါ့)၊ ခန္ဓာဖြစ်ကြောင်းဆိုတာ ပဋိစ္စသမုပ္ပာဒ်သာ မှတ်ပေတော့...။ (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပာဒ်သည် စာလို ပဋိစ္စသမုပ္ပာဒ်...(မှန်ပါ့)၊ မြန်မာလို ဒကာ ဒကာမတွေသိဖို့ရာက ခန္ဓာဖြစ်ကြောင်း လို့ မှတ်ပါ...။ (မှန်ပါ့)။

ခန္ဓာဖြစ်ကြောင်း ဆိုတာလဲ တခြားမမှတ်ပါနဲ့၊ ဒုက္ခတွေ ဆက်သွားတာကို ပြပါတယ်...။ (မှန်ပါ့)။

ဘာတွေဆက်သွားတာပြသလဲ...။ (ဒုက္ခတွေဆက်သွားတာ ပြပါတယ်)၊ အဲဒါကို ပဋိစ္စသမုပ္ပာဒ်လို့ ခေါ်ပါတယ်...။ (မှန်ပါ့ဘုရား)။

နောက်တစ်ခါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်ပြီး ရွတ်ပြန်တယ်...

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ,ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

ငါ ပဋိစ္စသမုပ္ပာဒ်ချုပ်တာကိုလဲ ငါ သိပြီကွာ... ဆိုတော့ ဒကာ ဒကာမတွေ ဘုရားဖြစ်လာတာ ပဋိစ္စသမုပ္ပာဒ် ချုပ်ကြောင်းသိလို့ ဘုရားဖြစ်လာတယ်၊ ချုပ်တာကို သိလို့ ဘုရားဖြစ်တယ်လို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)။

ဒါကြောင့် "ဒုက္ခက္ခန္ဓဿ နိရောဓောဟောတိ" လို့ ပါဠိတော်မှာ ရှိပါတယ်...။ (မှန်ပါ့)။

နောက်ကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

ငါ အဖြစ်လဲသိ၊ ငါ အချုပ်လဲ .သိသောကြောင့် ငါဖြင့် အလင်းရောက်ပေါ့ဆိုပြီး...

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ–

လို့ဆိုပြီးသကာလ ငါသည် ပဋိစ္စသမုပ္ပါဒ်စက် ရဟတ်ကြီးမှ လည်မှုမှ ရပ်ပြီးသကာလ ဒုက္ခစက်ဖြင့် ပြတ်ပြီဆိုပြီး ဝမ်းသာတော်မူတယ်...။ (မှန်ပါ့)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်လာတာ ဖြစ်မှုလဲ သိလို့ ဒကာ ဒကာမတွေ ဘုရားဖြစ်လာတယ်လို့ သေသေချာချာမှတ်ပါ...။ (မှန်ပါ့)။

ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ဆိုတာဟာ ဘာတုံး...လို့ မေးလို့ရှိရင် တပည့်တော်ခန္ဓာဖြစ်စဉ်တန်းတာပါ ဘုရားလို့ မှတ်ပါ...။ (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်...။ (ခန္ဓာဖြစ်စဉ် တန်းတာပါဘုရား)။

ကောင်းပြီ ပဋိစ္စသမုပ္ပါဒ်ဟာ ခန္ဓာဖြစ်စဉ်တန်းတော့ ဒီခန္ဓာသည် ဒကာ ဒကာမတွေသိတဲ့အတိုင်းတဲ့ ဒုက္ခတွေ ဆက်တန်းသွားတယ်...။ (မှန်ပါ့ဘုရား)၊ ဒုက္ခတွေဆက်

တန်းသွားတဲ့အတွက် ဒုက္ခသစ္စာတန်းတာကို ဆိုပါတယ်...။ (မှန်ပါ့)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကြီးချုပ်သွားတော့တယ်၊ မရှိတော့ဘူးဆိုလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဩော်...ပဋိစ္စသမုပ္ပါဒ်ချုပ်တာဟာ ဒုက္ခတွေအကုန်ရပ်စဲပြီး ချုပ်ငြိမ်းရပ်သိမ်းတာပါကလားလို့ မှတ်ပါ...။ (မှန်ပါ့)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်သည် ဒုက္ခဖြစ်စဉ်... (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်ချုပ်စဉ်သည် နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်က ဒုက္ခဖြစ်စဉ်၊ ပဋိစ္စသမုပ္ပါဒ်ချုပ်တာက နိဗ္ဗာန်...။ (မှန်ပါ့)။

ချုပ်ရာချုပ်ကြောင်း အကျင့်ဆိုတဲ့ဥစ္စာက ဒကာ ဒကာမတို့ မဝင်ရင် မဖြစ်ပါဘူး...။ (မှန်ပါ့)၊ ဖြစ်နေတဲ့ ဒုက္ခတန်းကြီးကိုမှ မဖြတ်လို့ရှိရင်လဲ ဒုက္ခပြတ်ပါ့မလား...။ (မပြတ်ပါဘုရား)။

အဲဒါကြောင့် ဒုက္ခဖြတ်တဲ့နည်းကိုလဲ အခု ဒကာကြီး ဦးမာဒင်က အားလုံးသော ဒကာ ဒကာမတွေအား ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးမှာ သူနဲ့တကွပဲ အားလုံးလည့်နေကြတယ်...။ (မှန်ပါ့ဘုရား)။

အဲ့ဒီလည်နေကြတဲ့ ဖြစ်မှုကြီးကိုလဲ သူလဲ ပြတ်လိုတဲ့ သဘောရှိတယ်...။ (မှန်ပါ့)၊ အားလုံးသော ဓမ္မမိတ်ဆွေ

အပေါင်းတို့ကိုလဲ ပြတ်စေလိုသောသဘော ရှိသောကြောင့် ဒီစာရွက်ကို တစ်အိမ်လျှင် တစ်ရွက်ကျပေ့ါဗျာ...။ (မှန်ပါ့)၊ တစ်အိမ်တည်း ၃-၄ ယောက်ရှိနေလို့ရှိရင်လဲ ၃-၄ ယောက်တော့ဖြင့် အလှူမခံကြနဲ့ပေါ့...။ (မှန်ပါ့)။

တစ်အိမ်မှာ တစ်ရွက်ကြည့်ပြီးသကာလ၊ ဝိုင်းပြီး ကြည့်ပြီးသကာလ ဩော်...ဒီကနေပြီး ဒီလိုလည်ပါကလား၊ ဩော်...ဒီလိုဖြတ်လိုက်ရင်လဲ ရသားပဲဆိုပြီး ကိုယ့်ခန္ဓာထဲမှာ ပဋိစ္စသမုပ္ပါဒ်ဉာဏ်တွေသွင်းပြီးသကာလ ဒီစာကြည့်ပြီး ဉာဏ်နဲ့ခန္ဓာ သွင်းလိုက်ပါ...။ (မှန်ပါ့)။

ဉာဏ်နဲ့သွင်းပြီးသကာလ ဩော်...ခန္ဓာကြီးဟာ ဒီလိုလည်နေတယ်၊ ဒီကနေပြီး ဖြတ်လိုက်လို့ရှိရင် မဂ်နဲ့ဖြတ်လိုက်ရင် အရသားပဲဆိုတဲ့သဘောကို သိပြီးသကာလ ဒီဟာဘုရားသည်ကားလို့ဆိုရင် ဘုရားဖြစ်တဲ့ပုံပဲ...။ (မှန်ပါ့)၊ ဩော်...ဘုရားဖြစ်တာသည် ပဋိစ္စသမုပ္ပါဒ်ချုပ်လို့ ဘုရားဖြစ်တာ...။ (မှန်ပါ့)၊ ဒါဖြင့် အခု ဒီဒကာကြီးလှူဒါန်းတဲ့ ပစ္စည်းဟာ ဘုရားဖြစ်လာတဲ့သဘောပဲဆိုတဲ့ဥစ္စာလဲ ခင်ဗျားတို့ ဘုရားပုံပဲဆိုတာ သေသေချာချာမှတ်ရမယ်...။ (မှန်ပါ့)၊ နောင်ကိုလဲ မှန်ဘောင်သွင်းပြီးသကာလ ထည့်ထားကြပါ၊ ဘုရားအဖြစ်နဲ့လဲ ကိုးကွယ်ပါလို့ဆိုတာ ဘုရားဖြစ်တာဟာ ဩော်...ဒါပြတ်လို့ ဘုရားဖြစ်တာပါလား ဆိုပြီးသကာလတဲ့ ကိုယ်တော်မြတ်ကြီးကို ဒီပြတ်ပုံကနေ

ရည်မှန်းပြီးသကာလ ကိုယ်တော်မြတ်ကြီး ဉာဏ်တော်ရောက်အောင်လဲ ခင်ဗျားတို့ရှိခိုးကြပါ...။ (မှန်ပါ့)။

ပြီးတော့ အရေးကြီးတယ်ဆိုလို့ရှိရင်၊ နားမလည်လို့ရှိရင် ဖွတ်ဖွတ်ပြီးသကာလ သားတွေပြ၊ သမီးတွေပြ၊ ကိုယ်တိုင်ရှင်းအောင်လုပ်ပြီးသကာလ ဩော်...ဘယ်နေရာကနေ ဝိပဿနာအလုပ်နဲ့ ဖြတ်ရပါလိမ့်မတုံး ဆိုတာကိုလဲ စာရွက်ကြီး ကြည့်လိုက်လို့ရှိရင်လဲ ပေါ်လာပါလိမ့်မယ်...။ (မှန်ပါ့)။

ပြီးတော့ ဘုန်းကြီးကလဲ ဒီစာရွက်ကို ဒကာ ဒကာမတွေ နေ့တိုင်းလိုလိုပဲ ကြည့်ရှုပြီးတော့ ရှိတဲ့ပုဂ္ဂိုလ်လဲဆောင်ပြီး လာခဲ့ကြတာပေါ့...။ (မှန်ပါ့)၊ ဒါ မလည်မချင်း ဒီဥစ္စာကြီးကို ဒကာ ဒကာမတို့ အလုပ်နဲ့တကွ ဖြတ်ပြရမှာပဲ...။ (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဒကာကြီးကလဲ သူလဲ ဒုက္ခဝဋ်ကျွတ်ချင်လို့...။ (မှန်လှပါ)၊ အားလုံးသော မိတ်ဆွေသင်္ဂဟတွေကိုလဲ ဒုက္ခဝဋ်မှ ကျွတ်စေချင်တဲ့ဆန္ဒရှိသောကြောင့် တစ်အိမ်တစ်ရွက်ကျဖြင့်လဲ မရမရှိစေချင်ဘူး...။ (မှန်ပါ့)၊ ပိုနေလို့ရှိရင်လဲ မကောင်းဘူး...။ (မှန်ပါ့)။

အဲဒါကြောင့် ဘုရားလုပ်ပြီးသကာလ ကိုးကွယ်ရမှာဖြစ်ပြီးသကာလ နေတယ်၊ ကိုယ်ကိုယ်တိုင်လဲ သံသရာခရီးကြီးကို ဒါ...ကြည့်ပြီးသကာလ ဖြတ်လမ်းထွင်ရမှာ

ဖြစ်လေသောကြောင့်တဲ့၊ ဒကာ ဒကာမတွေသည် ဒီ ဒကာကြီးအား သူလဲ ဝဋ်ကျွတ်ပါစေသတည်း၊ မိမိတို့လဲ အလှူခံပုဂ္ဂိုလ်တွေလဲ ဝဋ်ကျွတ်တဲ့ပုဂ္ဂိုလ်ဖြစ်ရပါလို၏... ဆိုပြီး၊ ဒုက္ခဝဋ်မှ ကျွတ်တာရည်မှန်းပြီး ဒကာကြီး ဦးမာဒင် ကလဲ လှူပါ...။ (မှန်ပါ့)။

အားလုံးသော ဒကာ ဒကာမတွေကလဲ ဒုက္ခဝဋ်မှ ကျွတ်ပါစေဆိုတဲ့ မေတ္တာလဲပို့ပြီး ကိုယ်လဲ ကျွတ်ရပါစေ... အလှူပေးပုဂ္ဂိုလ်လဲ ကျွတ်ပါစေဆိုတဲ့ စိတ်ထားနဲ့ ဒကာ ဒကာမတွေ တစ်အိမ်လျှင် တစ်ရွက်ကျ အလှူခံကြပါ ဆိုတာ ဘုန်းကြီးက ဒီကနေပြီးသကာလ ပြောပါတယ်...။ (မှန်ပါ့ဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ကိုင်း...ဒါဖြင့် တစ်ခုပဲ တရားဟောတာ ဒကာ ဒကာမတွေ ဝေပါ...။ (မှန်ပါ့)၊ နည်းနည်းတော့ စောပါ သေးတယ်။

တရားနာလာကြတဲ့ ဒကာ ဒကာမတွေ ဒီစာရွက် ကိုလဲ ကြည့်နိုင်တယ်၊ ဆရာဘုန်းကြီးပြတဲ့ ပုံသဏ္ဌာန် ကိုလဲ ကြည့်နိုင်ပါတယ်...။ (မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ဒကာ ဒကာမ တွေ၏အစ၊ ဘုန်းကြီးတို့၏အစကို ရှာမတွေ့ဘူးတဲ့...။ (မှန်ပါ့)၊ ဒကာ ဒကာမတို့ သံသရာဘယ်လောက်ရှည် တယ်ဆိုတာ သိကြပါပြီ...။ (မှန်လှပါဘုရား)။

ဒကာ ဒကာမတွေ၏အစ၊ မင်းဟာ လူပဲဘက် ဘဝက ဘာဖြစ်ခဲ့တယ်၊ ညာဖြစ်ခဲ့တယ်နဲ့ နောက်ဆုတ် တွေးသွားလို့ရှိရင်ဖြင့် တွေးလို့ကို မဆုံးနိုင်ဘူးတဲ့ ဒကာ ဒကာမတို့...။ (မှန်ပါ့)၊ ခန္ဓာအစဉ်သေခဲ့ရတာ ဘယ် လောက်များတယ်ဆိုတာ သိကြပါပြီ...။ (မှန်ပါ့)။

## ခန္ဓာအစရှာမတွေ့တာ ဘာ့ကြောင့်တုံး

ဟာ...မင်း ဒီဘဝရောက်လာတယ်၊ ဒီဘဝက နောက်ဆုတ် နောက်ဆုတ် သေတဲ့ ဘဝတွေပါ၊ ဘုရား ဖြစ်တဲ့နေ့ကတွေ၊ ပရိနိဗ္ဗာန်စံသည့်တိုင်အောင်တွေ၊ တစ် ယောက်တည်း၏ ကိစ္စဟာ မကုန်တော့ပါဘူး...။ (မှန်လှပါ ဘုရား)။

ဒကာ ဒကာမတို့ ဒါဖြင့် ခန္ဓာအသေပေါင်းဖြင့် ထပ်နေပြီဆိုတဲ့ဥစ္စာ ထင်ရှားပါတယ်...။ (ထင်ရှားပါတယ် ဘုရား)။

ဒီအသေပေါင်းထပ်နေတဲ့ဥစ္စာသည် ဘာ့ကြောင့်တုံး လို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ခါတိုင်း ဟောနေကျအတိုင်း အဝိဇ္ဇာတဏှာကြောင့်ပဲလို့ မှတ်လိုက် စမ်းပါ...။ (မှန်ပါ့)၊ အဝိဇ္ဇာတဏှာကြောင့် အသေထပ်နေ ရတယ်ဆိုတာ သဘောကျလောက်ပါပြီ...။ (ကျပါပြီ ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက...

"အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော
ပုဗ္ဗကောဋိ နပညာယတိ အဝိဇ္ဇာနီဝရဏာနံ
သတ္တာနံ တဏှာ သံယောဇနနာနံ
သန္ဓာဝတံ သံသယတံ"

လို့ သံယုတ်ပါဠိတော်မှာလဲ ဟောတော်မူတယ်...။ (မှန်ပါ့)။

ဘိက္ခဝေ=ငါ၏ချစ်သား တပည့်များတို့၊ အယံသံသရော=မင်းတို့၏ ခန္ဓာအစဉ်ကြီးသည်၊ အနမတဂ္ဂေါ=မသိစေအပ်သော အစရှိ၏။ ဒကာ ဒကာမတွေ၏ ခန္ဓာအစ ရှာမတွေ့ဘူးတဲ့...။ (မှန်ပါ့)၊ ခန္ဓာအစရှာမတွေ့တာသည် ဘယ့်နှယ်ကြောင့် မတွေ့ပါလိမ့်မတုံးလို့ ဆိုလို့ရှိရင် များလွန်းလို့...။ (မှန်ပါ့)။

ဒကာ ဒကာမတွေ များတယ်ဆိုကတည်းကိုက မျက်ရည်မကျရတဲ့ဘဝ ရှိပါ့မလား...။ (မရှိပါဘုရား)၊ မသေရတဲ့ဘဝ...(မရှိပါဘုရား)။

အဲဒါလောက်တောင် ရှည်ခဲ့ပါတယ်တဲ့၊ အစကို ရှာမတွေ့ဘူးတဲ့...။ (မှန်ပါ့)။

ပုဗ္ဗကောဋိ=ရှေ့အစွန်းသည် (ဝါ)အစသည်၊ နပညာ

ယတိ=သဗ္ဗညုတဉာဏ်နဲ့တွေ့ပြားသော်လဲ မထင်ဘူးပေ့တဲ့...။ (မှန်ပါ့ဘုရား)၊ ဒကာ ဒကာမတို့ ဘယ်လောက် အသေများခဲ့တယ်ဆိုတာဖြင့် ပြောဖို့ရာ လိုသေးသလား...။ (မလိုပါဘုရား)။

အဲဒါကို ဒီအသေတွေကိုသာ ငါလျှောက်ပြီးသကာလ မင်းသည် ဘယ်ဘဝက ဘယ်လိုဖြစ်ပြီး ဘယ်လိုသေခဲ့တယ်၊ နောက်ဆုတ်–နောက်ဆုတ်နဲ့ တွေးလို့ရှိရင် ဘုရားဖြစ်တဲ့နေ့က ပေါ...ဦးလှဘူးတစ်ယောက်၏ ဖြစ်စဉ်ဟာ ဘုရားပရိနိဗ္ဗာန်စံသည့်တိုင်အောင် ပေါလဲ မပြီးသေးဘူးတဲ့...။ (မှန်ပါ့)၊ ဘယ်လောက်ရှည်တယ်ဆိုတာတော့ ဒကာ ဒကာမတွေ ပြောဖို့ လိုသေးသလား...။ (မလိုပါဘုရား)။

## ခန္ဓာလုပ်တဲ့လက်သည် ဘယ်သူတုံး

အဲဒီတော့...ခန္ဓာတွေ လျှောက်ဖြစ်နေလို့ရှိရင် အတော်ပဲ မရနိုင်တဲ့အခြေအနေတွေရောက်နေသောကြောင့် ဒကာ ဒကာမတို့ ခန္ဓာလုပ်တဲ့လက်သည်ကို ဖြတ်ကြစို့ဆိုတော့...(မှန်ပါ့)၊ ဘာဖြတ်ကြမယ်...။ (ခန္ဓာလုပ်တဲ့လက်သည် ဖြတ်ရပါမယ်ဘုရား)။

ခန္ဓာ လုပ်တဲ့လက်သည် ဖြတ်ကြပါစို့ဆိုတဲ့ဥစ္စာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခန္ဓာတော့ အစရှာ

မတွေ့ဘူးကွာ၊ ခန္ဓာလက်သည်တော့ တွေ့တယ်ပေါ့တဲ့…။ (မှန်ပါ့)။

ခန္ဓာကိုယ်တော့…(အစရှာမတွေ့ပါဘုရား)၊ ခန္ဓာ၏ လက်သည်တော့…(တွေ့ပါတယ်ဘုရား)။

ဒါဖြင့်…ဒကာ ဒကာမတို့ လက်သည်၏ မူလ ဘူတကို ဒကာကြွယ် တွေ့လိုက်မယ်ဆိုလို့ရှိရင်ဖြင့် ကျုပ် တို့ ခင်ဗျားတို့သည် အိုဇာတ်သိမ်း၊ နာဇာတ်သိမ်း၊ သေ ဇာတ်သိမ်းပေါ့ဗျာ…။ (မှန်ပါ့)၊ မသိမ်းပါနဲ့ဆိုလို့ရသေးရဲ့ လား…။ (မရပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာ၏အစ အဝိဇ္ဇာ တဏှာကလို့ မှတ်လိုက်…။ (မှန်ပါ့ဘုရား)။

အဲဒါ အလယ်မှာပါတယ်၊ ဒကာ ဒကာမတွေ စာရွက်အလယ်မှာပါတယ်…။ (မှန်ပါ့)၊ အလယ်မှာ ပါ– ပါတယ်တဲ့၊ ဩော်…သတ္တဝါအစ အဝိဇ္ဇာတဏှာကလို့သာ မှတ်လိုက်…။ (မှန်ပါ့)၊ ရှင်းကြပြီ…။ (ရှင်းပါပြီဘုရား)။

သတ္တဝါအစ…(အဝိဇ္ဇာတဏှာကပါ)၊ အဝိဇ္ဇာတဏှာ ကလို့ ဒကာ ဒကာမတွေ သေသေချာချာမှတ်ပါ…။ (မှန်ပါ့ ဘုရား)။

ကဲ…ဒါဖြင့် အဝိဇ္ဇာတဏှာက ဘာတွေလုပ်ပါလိမ့် မတုံးဆိုတော့ ဒကာ ဒကာမတွေ စဉ်းစားကြည့်ပါတဲ့…၊ ဒီမှာဘက်က အဝိဇ္ဇာ၊ ဒီဘက်က တဏှာထားပါနော်…။

(မှန်ပါ)၊ အဝိဇ္ဇာဆိုတာက ဒကာ ဒကာမတို့ သစ္စာလေး ပါး မသိတာ အဝိဇ္ဇာလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ)။

အဝိဇ္ဇာဆိုတာ ဘာပါလိမ့်...။ (သစ္စာလေးပါး မသိ တာပါဘုရား)။

တဏှာဆိုတာ ဘာပါလိမ့်မတုံးလို့မေးတော့ ရောက် ရာ ခင်တာက တဏှာ...။ (မှန်ပါဘုရား)။

သစ္စာလေးပါး မသိတာက...(အဝိဇ္ဇာပါဘုရား)၊ ရောက်ရာမှာ ခင်တာက...(တဏှာပါဘုရား)။

ဩော်...ဒါဖြင့် မသိလို့ဖြစ်လာပြန်၊ ဖြစ်တဲ့နေရာမှာ ရောက်ရာမှာ ကိုယ့်ခန္ဓာခင်၊ ကိုယ့်သားသမီးခင်ပြီး သကာလ နေပြန်တော့ တဏှာပစ္စယာဥပါဒါန်နဲ့ ဆက် သွားပြန်တော့လဲ ဆုံးနိုင်ပါ့မလား...။ (မဆုံးနိုင်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ၏ ဒုက္ခရေသောက်မြစ် နှစ်ခုဟာဖြင့်၊ အဲ့ဒီ ပဋိစ္စသမုပ္ပါဒ်အလယ်မှာဖြင့် အဝိဇ္ဇာ နဲ့ တဏှာပဲလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ)။

ဒကာ ဒကာမတို့ အဝိုင်းကြီး ဒီအထဲမှာ ပါ–ပါ တယ်...။ (မှန်ပါ)၊ အဲဒီဝိုင်းပြီးသကာလ အတိတ်နဲ့စပ် လိုက်၊ ပစ္စုပ္ပန်နဲ့ ဒကာ ဒကာမတို့သိတဲ့အတိုင်းတဲ့၊ အနာဂတ်အကြောင်းနဲ့ ဆက်လိုက်...။ (မှန်ပါ)၊ တော်တော် ကြာ အနာဂတ်အကျိုးနဲ့ဆက်လိုက်ဆိုတော့ ပြတ်သေးရဲ့ လား...။ (မပြတ်ပါဘုရား)။

ပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ်အကျိုးဖြစ်၍ အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးဖြစ်လာတယ်...။ (မှန်ပါ့)၊ ပစ္စုပ္ပန်အကျိုးထဲကမှ အနာဂတ်အကြောင်းတွေ ပေါက်ပွားလာတယ်...။ (မှန်ပါ့ဘုရား)။

အနာဂတ်အကြောင်းတွေ ပေါက်ပွားပြီးတော့မှ အနာဂတ်အကျိုး ခန္ဓာတွေရောက်လာတယ်...။ (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်လှည့်နေလိုက်တာ ဒကာ ဒကာမတို့ အဆုံးပါသေးရဲ့လား...။ (မပါ–ပါဘုရား)၊ ဒီလိုပဲ လှည့်နေမယ်ဆိုလို့ရှိရင် ဒကာ ဒကာမတို့ အဝိုင်းပြေးသက်သက်ဟာတဲ့ အဝိဇ္ဇာနဲ့တဏှာ၏လက်ချက်လို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့ဘုရား)။

အဝိုင်းပြေးနေရတာ ဘာပါလိမ့်...။ (အဝိဇ္ဇာနဲ့တဏှာ၏ လက်ချက်ပါဘုရား)။

အဲဒီထဲမှာ ပါ–ပါတယ်၊ ဒကာ ဒကာမတို့ အဝိဇ္ဇာရယ်၊ သင်္ခါရရယ်၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ဥစ္စာသည် အဲဒါ အတိတ်အကြောင်း...။ (မှန်ပါ့ဘုရား)။

အတိတ်က ဒကာ ဒကာမတို့ မသိတဲ့အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ သင်္ခါရကုသိုလ်တွေ၊ အကုသိုလ်

တွေ လုပ်ပါတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါတယ်ဘုရား)။

အဲဒီထဲမှာလဲ တဏှာ၊ ဉပါဒါန်၊ ကံတွေကလဲ တဏှာကလဲ ရောက်ရာခင်မင်လိုက်ပြန်ပြီ...။ (မှန်ပါ့)၊ ခင်ပြီး စွဲလမ်းပြန်တော့ ကံတွေ အားထုတ်ပြန်တယ်...။ (မှန်ပါ့ဘုရား)။

အဲဒီ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဉပါဒါန် ကံဆိုတဲ့ ဉစ္စာ အတိတ်အကြောင်း ငါးပါးလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့ဘုရား)။

အဲဒီအတိတ်အကြောင်းဆိုတာ နောင်ဘဝ အကြောင်း...။ (မှန်ပါ့)၊ ဒကာ ဒကာမတို့ အဝိုင်းကြီးမှာ ကြည့်လိုက်ရင် ပေါ်ပါတယ်...။ (မှန်ပါ့)၊ ဒီအတိုင်းမှတ်ပြီး နာနေပါနော်...။ (မှန်ပါ့ဘုရား)။

အဲဒီအတိတ်အကြောင်းဖြစ်တဲ့ ငါးပါးမူတည်လိုက် ပြီဆိုမှဖြင့် ဒီဘဝမှာ ခင်ဗျားတို့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးပေါ်လာ တယ်...။ (မှန်ပါ့ဘုရား)။

ဒီဘဝ ဘာတွေပေါ်လာပါလိမ့်...။ (ခန္ဓာငါးပါး ပေါ် လာပါတယ်)၊ ခန္ဓာငါးပါးဆိုတာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ...။ (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးဆိုတာ ဘာပါလိမ့်...။ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ...(မှန်ပါ့ဘုရား)။

အဲဒီ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီး ပေါ်လာတယ်...။ (မှန်ပါ့)။

ဒီဒုက္ခသစ္စာဟာ အလိုလိုပေါ်သလားလို့မေးတဲ့အခါကျတော့မှ အတိတ်က တပည့်တော်တို့ မသိမှုအဝိဇ္ဇာရမ်းပြီးပြုပြင်တဲ့သင်္ခါရ...(မှန်ပါ့)၊ ရောက်ရာမှာခင်နေတဲ့ တဏှာ၊ ဥပါဒါန် ကံကြောင့်...(မှန်ပါ့ဘုရား)။

ဒါဖြင့် အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုး ခန္ဓာငါးပါးဆိုတဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပေါ်လာပါတယ်...။ (ပေါ်လာပါတယ်)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒီ ရ,ထားတဲ့ ခန္ဓာကြီးကိုလဲ တစ်ခါ ဒုက္ခသစ္စာလို့ မသိပြန်ဘူး...။ (မသိပါဘုရား)။

ရ,ထားတဲ့ ခန္ဓာကြီးကိုလဲ...(ဒုက္ခသစ္စာလို့ မသိပါဘုရား)၊ မသိပြန်တော့ အဝိဇ္ဇာသင်္ခါရအလုပ်–လုပ်ပြန်တာပဲ...။ (လုပ်ပါတယ်ဘုရား)၊ ရောက်ရာခင်တဲ့ တဏှာ၊ ဥပါဒါန်၊ ကံကော မလာပေဘူးလား...။ (လာပါတယ်ဘုရား)။

အဲဒါတွေသည်ကား…လို့ဆိုရင် အနာဂတ်အကြောင်း အတွက် ပစ္စုပ္ပန်ခန္ဓာကြီးက ပေါက်ပွားလာတယ်…။ (မှန်ပါ့)၊ ပစ္စုပ္ပန်ခန္ဓာကြီးက အနာဂတ်အကြောင်းတွေ ပေါက်ပွားလာတယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

ပစ္စုပ္ပန်ခန္ဓာကြီးက ဘာတွေ ပေါက်ပွားလာပြန် သတုံး…။ (အနာဂတ်အကြောင်းတွေ ပေါက်ပွားလာပါ တယ် ဘုရား)။

အနာဂတ်အကြောင်းတွေ ပေါက်ပွားလာပြန်တော့ ဒကာ ဒကာမတို့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေကြောင့် အနာဂတ်အကျိုးဖြစ်တဲ့ ကျုပ်တို့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ကြီး ပေါ်လာတယ်…။ (မှန်ပါ့ဘုရား)။

ကိုင်း…ဒကာ ဒကာမတို့ စဉ်းစားကြည့်စမ်း၊ အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးငါးပါး မဖြစ်ဘူး လား…။ (ဖြစ်ပါတယ်ဘုရား)။

အတိတ်အကြောင်းငါးပါးကြောင့်…(ပစ္စုပ္ပန်အကျိုး ငါးပါးဖြစ်ပါတယ်ဘုရား)။

ပစ္စုပ္ပန်အကျိုးငါးပါးထဲကမှ ဒကာ ဒကာမတွေ ပစ္စုပ္ပန် ခန္ဓာကြီးမသိမှု အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ သင်္ခါရတွေ မလုပ်ပေဘူးလား…။ (လုပ်ပါတယ်ဘုရား)။

ဟာ…ဒါဖြင့် ပစ္စုပ္ပန်အကျိုးထဲက ဒကာ ဒကာမတို့ အနာဂတ်အကြောင်းငါးပါး ပေါက်ပွားလာတယ်…။ (မှန်ပါ့)၊ အနာဂတ်အကြောင်းငါးပါး ပေါက်ပွားလာပြန်တော့ အနာဂတ်အကျိုးဖြစ်တဲ့ ခန္ဓာငါးပါး ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ပေါ်မပေါ်…(ပေါ်ပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ဒီလိုလုပ်ကြပေတော့၊ အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးငါးပါးပေါ်တယ်…။ (မှန်ပါ့)၊ ပစ္စုပ္ပန်အကျိုးငါးမါးထဲကမှ ဒကာ ဒကာမတွေ သိတဲ့အတိုင်းတဲ့၊ အနာဂတ်အကြောင်း ငါးပါးပေါ်တယ်…။ (မှန်ပါ့)။

အနာဂတ်အကြောင်းငါးပါးကို လုပ်လိုက်ပြန်တော့ အနာဂတ်အကျိုးငါးပါးက ပေါ်လာတယ်…။ (ပေါ်ပါတယ်)၊ ခန္ဓာသည် ဒကာ ဒကာမတို့ လှည့်မနေဘူးလား…။ (လှည့်နေပါတယ်ဘုရား)။

အဲဒီတော့ကို သေသေချာချာ စာကိုလဲ အိမ်ကျတော့ ကြည့်၊ ဒီက တရားလဲ နားလည်အောင်နာဆိုတော့ အတိတ်အကြောင်း ငါးပါးသည် သမုဒယသစ္စာ… (မှန်ပါ့)၊ ပစ္စုပ္ပန်ခန္ဓာကြီးက ဒုက္ခသစ္စာ…(မှန်ပါ့)။

ဒီအထဲက ပေါက်ပွားလာတဲ့ အနာဂတ်အကြောင်းငါးပါးကလဲ အနာဂတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် သမုဒယသစ္စာ…(မှန်ပါ့)။

အဲဒီ သမုဒယသစ္စာကြောင့် အနာဂတ်ခန္ဓာငါးပါး မပေါ်ပေဘူးလား...။ (ပေါ်ပါတယ်)၊ ဒါက ဘာသစ္စာ တုံး...။ (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဒီကိုကြည့်...အတိတ် သမုဒယကြောင့် ပစ္စုပ္ပန် ဒုက္ခသစ္စာဖြစ်ပါတယ်...။ (မှန်ပါ့)၊ ပစ္စုပ္ပန် ဒီခန္ဓာငါးပါး ဒုက္ခသစ္စာထဲက ဒုက္ခက မသိတဲ့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတည်းဟူသော အနာဂတ် အကြောင်းတွေ ပေါ်မလာပေဘူးလား...။ (ပေါ်လာပါတယ် ဘုရား)။

အဲဒီ အနာဂတ်အကြောင်းကြောင့် အနာဂတ်အကျိုး ဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားကြီး ပေါ်မလာဘူးလား...။ (ပေါ်လာပါတယ်ဘုရား)။

အင်း...ဒါဖြင့် ဒကာ ဒကာမတို့ လှည့်ပြေးနေတယ် ဆိုတာ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

စဉ်းစားပါဦး...အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန် အကျိုး ပေါ်ပါတယ်...။ (မှန်ပါ့)၊ ပစ္စုပ္ပန်အကျိုးကြောင့် ပစ္စုပ္ပန်အကြောင်းကော...(ပေါ်ပါတယ်ဘုရား)၊ ပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ်အကျိုးကော...(ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အကြောင်းဟူသရွေ့ သမုဒယ သစ္စာ...(မှန်ပါ့)၊ အကျိုးဟူသရွေ့...(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တစ်သံသရာလုံးမှာ ဒကာ ဒကာမတို့မှာ အကြောင်းသမုဒယနဲ့ အကျိုးဒုက္ခသာလှည့်နေတယ် ဆိုတာ ဒီအဝိုင်းကြီးက ပြပါတယ်...။ (မှန်ပါ)။

တစ်သံသရာလုံးမှာ အကြောင်းသမုဒယနဲ့...(အကျိုး ဒုက္ခသာလှည့်နေပါတယ်)၊ ဘယ်မှာ မင်္ဂပါသေးရဲ့လား...၊ နိရောဓသစ္စာပါသေးရဲ့လား...။(မပါ–ပါဘုရား)၊ သဘော ကျပလား...။ (ကျပါပြီဘုရား)။

အတိတ်အကြောင်းတွေကြောင့် ပစ္စုပ္ပန်အကျိုး ခန္ဓာ ငါးပါး မပေါ်ဘူးလား...။ (ပေါ်ပါတယ်ဘုရား)။

အဲဒီ ပစ္စုပ္ပန်ခန္ဓာကြီးကို မသိမှုကြောင့် အနာဂတ် အကြောင်းငါးခု ပေါ်မလာဘူးလား...။ (ပေါ်လာပါတယ်)၊ အနာဂတ်အကြောင်းငါးခု ပေါ်လာသောကြောင့် အနာ ဂတ်အကျိုး ခန္ဓာငါးပါးကြီးကော...(ပေါ်လာပါတယ်ဘုရား)။

အဲဒီ အနာဂတ်အကျိုး ခန္ဓာငါးပါးကြီး မသိပြန်တော့ ခုနင်က အတိတ်အကြောင်း ပြန်ဖြစ်သွားတယ်...။ (ဖြစ် ပါတယ်)၊ မလှည့်ပေဘူးလား...။ (လှည့်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ တစ်သံသရာလုံးနေခဲ့တာ အဝိုင်းပြေး...(အဝိုင်းပြေးပါဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

တစ်သံသရာလုံးနေခဲ့တာ ဘာပါလိမ့်...။ (အဝိုင်း ပြေးပါ)၊ ဘယ်သစ္စာနဲ့ ဘယ်သစ္စာလှည့်နေပါလိမ့်...။

(သမုဒယနဲ့ ဒုက္ခသစ္စာလှည့်နေပါတယ်)၊ သမုဒယနဲ့ ဒုက္ခသစ္စာ လှည့်နေတယ်ဆိုတာ သေချာပလား…။ (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သမုဒယမချုပ်သရွေ့ ဒုက္ခမသိမ်းဘူး…။(မသိမ်းပါ)၊ ရှင်းပလား…။(ရှင်းပါပြီဘုရား)။

ကိုင်း…ဒါဖြင့် သေသေချာချာပဲ ခင်ဗျားတို့ကို လှည့်ပြပါဦးမယ်နော်…။ (မှန်ပါ့)၊ သေသေချာချာ ဒကာကြွယ်တို့ စဉ်းစားကြည့်၊ လှည့်ပြမယ်နော်…။ (မှန်ပါ့)။

ပြီးတော့ကို ဒကာ ဒကာမတို့ အခုလှည့်တာကို နားလည်လို့ရှိရင်ဖြင့် ဟော…ဒီကနေ ထွက်သွားတာ ဒကာ ဒကာမတို့ ဒါ…နိဗ္ဗာန်ပဲဆိုတာကိုလဲ ဘုန်းကြီးတို့ အစ,အဆုံး ဟောပါလိမ့်မယ်…။ (မှန်ပါ့)။

ဒါ့ကြောင့် ကိုယ်အရုပ်ဆိုးတာသိပြီးမှ ကိုယ်ပြင်ချင်တဲ့စိတ် ပေါ်ပါလိမ့်မယ်…။ (မှန်ပါ့ဘုရား)၊ အရုပ်ဆိုးတာမှ မသိသေးတဲ့ပုဂ္ဂိုလ် ပြင်ချင်တဲ့စိတ် ပေါ်ပါ့မလား…။ (မပေါ်ပါဘုရား)။

ဒါ့ကြောင့် ရှေးဦးစွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ပဋိစ္စသမုပ္ပာဒ်အကြောင်းကို အရင်ဟောလိုက်တယ်…။ (မှန်ပါ့ဘုရား)။

နောက်မှ ပဋိစ္စသမုပ္ပာဒ်ချုပ်ကြောင်းကို အရုပ်ဆိုးတာ ပြင်ဖို့ ဟောလိုက်တယ်…။ (မှန်ပါ့)၊ အဲဒါကြောင့်

သေသေချာချာကြည့်ပါလို့ ဒကာ ဒကာမတွေ ပြောရတယ်နော်...။ (မှန်ပါ့ဘုရား)

## လှည်းဘီးပမာ

ဒကာ ဒကာမတို့ အခု အဝိုင်းကြီးဟာ ဘီးကြီးလို့ မှတ်တဲ့...။ (မှန်ပါ့)၊ လှည်းဘီးကြီးလို့ မှတ်ထားစမ်းပါ...။ (မှန်ပါ့)၊ လှည်းဘီးကြီးမှာ ဒကာ ဒကာမတို့ အလယ်မှာ ပုံတောင်း...(ပဒေါင်း)ဆိုတာလဲရှိတယ်...။ (ရှိပါတယ်ဘုရား)။

ပုံတောင်းအထက်နားက ဒေါက်တွေကော မရှိဘူးလား...။ (ရှိပါတယ်ဘုရား)၊ ဒေါက်တွေကို ပတ်ထားတဲ့ အကွပ်ကြီးကော...(ရှိပါတယ်ဘုရား)။

ဩော်...ဒါဖြင့် လှည်းဘီးကြီးမှာ အလယ်က ဘာပါလိမ့်...။ (ပုံတောင်းပါဘုရား)၊ ပုံတောင်းပေါ်က ဘာတွေရှိပါလိမ့်...။ (ဒေါက်တွေရှိပါတယ်)၊ ဒေါက်တွေအပေါ်က ဘာတွေ အုပ်ချုပ်နေသလဲ...။ (အကွပ်ပါဘုရား)။

သေသေချာချာ မှတ်ထားပါ၊ လှည်းဘီးကြီးကို လူတိုင်းမြင်ဖူးပါတယ်...။ (မြင်ဖူးပါတယ်)၊ လူတိုင်းမြင်ဖူးတယ်ဆိုတာ သေချာပါပြီ...။ (သေချာပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဩော်...ငါတို့ ဘယ်လိုလည်နေတယ်ဆိုတာသိရအောင်

ဒကာ ဒကာမတို့ ဟောဒီ အဝိဇ္ဇာနဲ့ တဏှာက အလယ်က ပုံတောင်းကြီးလို့ မှတ်လိုက်ပါ...။ (မှန်ပါ့)။

လှည်းဘီးမှာ အလယ်က ဘာတုံး...။ (ပုံတောင်းကြီးပါ)၊ အဝိဇ္ဇာတဏှာက ဘာပါလိမ့်...။ (ပုံတောင်းကြီးပါ)၊ ပုံတောင်အလယ်မှာ ဝင်ရိုးပေါက်လဲ ပါနေတယ်နော်...။ (မှန်ပါ့)။

## ကုသိုလ် အကုသိုလ်က ဒေါက်

ဒကာ ဒကာမတို့ ဝဋ်ကိုတောင့်တပြီးလှူတဲ့အလှူ...၊ (မှန်ပါ့)၊ သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် လုပ်နေရတဲ့ အကုသိုလ်...(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ရူပဘုံ–အရူပဘုံ ရောက်ချင်တဲ့ ကုသိုလ်...(မှန်ပါ့)၊ အဲဒီ ကုသိုလ်၊ အကုသိုလ်တွေက ဒကာ ဒကာမတွေက ဒေါက်တွေပဲ...။ (မှန်ပါ့)။

ဒကာ ဒကာမတွေ ကုသိုလ်၊ အကုသိုလ်တွေက ဘာပါလိမ့်...။ (ဒေါက်တွေပါဘုရား)။

ဒါ–ပုညာဘိသင်္ခါရကလဲ ဒေါက်ပဲ...။ (မှန်ပါ့)၊ သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် မလွှဲသာလို့ လုပ်နေရတဲ့ အကုသိုလ်တွေကလဲ အကုသိုလ်ဒေါက်ပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ရူပဘုံ ရောက်ချင်တာကလဲ ဒကာ ဒကာမတို့ ဒုက္ခသစ္စာမသိလို့ ရောက်ချင်တာပဲ…။ (မှန်ပါ့)၊ ဒါကလဲ ဒေါက်ပဲ…။ (ဒေါက်ပါပဲဘုရား)။

အရူပဘုံရောက်ချင်တဲ့ စေတနာနဲ့လုပ်တဲ့ ကုသိုလ်တွေကလဲ ဒေါက်တွေပဲ…။ (ဒေါက်တွေပါဘုရား)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

**အဝိဇ္ဇာနဲ့တဏှာက ပုံတောင်း (ပဒေါင်း)**

အလယ်မှာ အဝိဇ္ဇာ၊ တဏှာက ဘာနဲ့တူပါလိမ့်…။ (ပုံတောင်းနဲ့တူပါတယ်)၊ ပုံတောင်းနဲ့တူတယ်…။ (မှန်ပါ့)၊ သဘောကျပြီနော်…။ (ကျပါပြီဘုရား)။

ဒီဘက်က ဒကာ ဒကာမတို့ ဝဋ်တောင့်တပြီး လုပ်တဲ့ လူဖြစ်ချင်၊ နတ်ဖြစ်ချင်တဲ့ ကုသိုလ်တွေသည် ကားလို့ဆိုရင်ဖြင့် ပုံတောင်းပေါ် စိုက်တဲ့ ဒေါက်ပါပဲ…။ (မှန်ပါ့)၊ ဝဋ်ကုသိုလ်တွေ ဟောလိုက်ပါတယ်…။ (မှန်ပါ့)။

လူ့ပြည်ဖြစ်ရပါလို၏၊ နတ်ပြည်ဖြစ်ရပါလို၏ ဆိုတာတွေသည် ဒကာ ဒကာမတို့ စာလို့သုံးတော့ ပုညာဘိသင်္ခါရ…(မှန်ပါ့)။

သေသေချာချာ စက်ဝိုင်းလုပ်တော့မယ်ဆိုတော့ ပုံတောင်းပေါ်မှာထောက်တဲ့ ဒေါက်ပါပဲ…။ (မှန်ပါ့)၊ သဘောကျပြီနော်…။ (မှန်ပါ့)၊ အိမ်ကျလို့ရှိရင်လဲ ကြည့်

တတ်အောင်လို့ ဒီမှာ တစ်ခါတည်း သင်ပေးလိုက်ပါတယ်...။ (မှန်ပါ့)။

သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့်တဲ့ လုပ်တဲ့ ပုဂ္ဂိုလ်တွေကော မရှိဘူးလား...။ (ရှိပါတယ်ဘုရား)၊ အဲဒါ တွေကလဲ အကုသိုလ်ဒေါက်တွေပဲ...။ (မှန်ပါ့)၊ အပုညာဘိ သင်္ခါရဆိုတာ သူပဲ...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ...တစ်ခါ ရူပဘုံ၊ အရူပဘုံမှာ ခင်ဗျား တို့ အမေမှား၊ အဖေမှားနဲ့ တွေ့လို့ ရူပဘုံဖြစ်ချင်ပါ တယ်ဆိုတော့လဲ ရူပကုသိုလ်တွေ လုပ်လိမ့်မယ်...။ (မှန်ပါ့)၊ သမထအလုပ်တွေ လုပ်မယ်...။ (မှန်ပါ့)၊ အဲဒါ တွေလဲ ဒကာ ဒကာမတွေ ဒေါက်တွေပဲ...။ (မှန်ပါ့)။

တစ်ခါ အ ရူပဘုံဆိုတဲ့ဥစ္စာလဲ နာမ်တရားချည့် ဒုက္ခ သစ္စာကြီးကိုလဲ အို...နာမ်ချည်းဖြစ်နေရင် ကောင်းတယ်၊ ရုပ်ရှိရင် မကောင်းဘူးဆိုရင် နာမ်တောင့်တ,ပြီး လုပ်တာ နဲ့ ဒီမှာ ဒေါက်တွေကော မပေါ်လာဘူးလား...။ (ပေါ်လာ ပါတယ်)၊ အရူပဘုံရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်လဲ ဒေါက်တွေပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

အဲဒီတော့ အခုအလယ်မှာ ပုံတောင်းကြီးက အဝိဇ္ဇာ နဲ့ တဏှာ...(မှန်ပါ့)၊ ပုညာဘိသင်္ခါရ ဝဋ်တောင့်တပြီး

လုပ်တာကလဲ...ဒေါက်...(မှန်ပါ့)၊ အကုသိုလ်တွေလုပ်တာလဲ...(ဒေါက်ပါဘုရား)။

ရှုပဘုံရောက်ချင်လို့ လုပ်တဲ့ကုသိုလ်တွေကော... ဒေါက်ပါဘုရား)၊ အရူပဘုံရောက်ချင်လို့ လုပ်တဲ့ ကုသိုလ်တွေကော...(ဒေါက်ပါဘုရား)၊ ဒေါက်ပဲဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

**ဇရာ မရဏာတအကွပ်**

ဒါဖြင့် ဒီလှည်းဘီးကြီး ဒကာ ဒကာမတို့ မြဲအောင်ဘာနဲ့ အုပ်ချုပ်ကြမတုံးလို့ မေးတဲ့အခါကျတော့ အကွပ်နဲ့ အုပ်ချုပ်ရမယ်...။ (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီမှာ လျှောက်ပြီး ဆက်လိုက်တာကြီးဟာ အကွပ်ကြီးလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)။

ဒီအကွပ်ကြီးသည်ကား...လို့ဆိုရင် ဒကာ ဒကာမတွေ ဒေါက်တွေကို အုပ်ချုပ်ထားတယ်...။ (အုပ်ချုပ်ထားပါတယ်)၊ ဒေါက်တွေ ထွက်မပြေးအောင်...(မှန်ပါ့ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ကိုင်း...ဒါဖြင့်အကွပ်ကြီးဟာ ဘာတုံးလို့မေးတဲ့အခါကျတော့ ဇရာ၊ မရဏာအကွပ်...(မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ…ဇရာ၊ မရဏအကွပ်ဆိုတော့ ဒီပုညာဘိသင်္ခါရ လူ့ပြည်၊ နတ်ပြည်ရောက်ကြောင်းလုပ်ပြန်လဲ ဇရာ၊ မရဏမှာ လမ်းဆုံးတယ်…။ (မှန်ပါ့ဘုရား)၊ သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်ပြန်တော့ကော… (ဇရာ၊ မရဏ လမ်းဆုံးပါတယ်)။

ရူပဘုံရောက်ကြောင်း လုပ်ပြန်တော့လဲ ဘယ်မှာ လမ်းဆုံးသလဲ…(ဇရာ၊ မရဏ လမ်းဆုံးပါတယ်ဘုရား)။

အရူပဘုံရောက်ကြောင်းတွေ လုပ်ပြန်တော့ကော… (ဇရာ၊ မရဏ လမ်းဆုံးပါတယ်ဘုရား)။

ဒါ့ကြောင့် ဇရာ၊ မရဏ ပြင်ဘက်မထွက်နိုင်လို့ ဇရာ၊ မရဏသည် အကွပ်ကြီးနဲ့တူတယ်…။ (မှန်ပါ့)။

အဝိဇ္ဇာနဲ့တဏှာက ဘာပါလိမ့်…။ (ပုံတောင်းပါဘုရား)။

ဒီ့ဘက် ဝဋ်တောင့်တလုပ်တဲ့ ကုသိုလ်တွေ…(ဒေါက်တွေပါဘုရား)၊ ဒီက သားရေး၊ သမီးရေး၊ စီးပွားရေးကြောင့် လုပ်ရတဲ့ အကုသိုလ်တွေ…(ဒေါက်တွေပါဘုရား)။

ဒီဘက်က ရူပဘုံရောက်ချင်တဲ့ ကုသိုလ်တွေ… (ဒေါက်တွေပါဘုရား)၊ ဒီဘက်က အရူပဘုံရောက်ချင်တဲ့ ကုသိုလ်တွေ…(ဒေါက်တွေပါဘုရား)။

ရောက်သွားတော့ ဒကာ ဒကာမတွေ လူ့ဘုံရောက်လဲ ဇရာ၊ မရဏဆိုတဲ့ အိုမှု၊ သေမှု လွတ်ပါရဲ့လား…။

(မလွတ်ပါ)၊ အပါယ်ဘုံရောက်ပြန်ကော...(မလွတ်ပါဘုရား)၊ နတ်ပြည်ရောက်ပြန်ကော... (လွတ်ပါဘုရား)၊ ရူပဗြဟ္မာ့ပြည်ရောက်ပြန်ကော...(မလွတ်ပါဘုရား)၊ အရူပဗြဟ္မာ့ပြည်ရောက်ပြန်ကော...(မလွတ်ပါဘုရား)။

ကိုင်း...ဒကာ ဒကာမတို့ ဒါ...အပိုင်းကြီးပေါ်လာပြီ...၊ (ပေါ်လာပါပြီဘုရား)၊ မပေါ်လာသေးဘူးလား...။ (ပေါ်လာပါပြီဘုရား)။

ကိုင်း...ဒါနဲ့ ပြန်မေးပြန်တယ် ဒကာ ဒကာမတို့၊ အလယ်က ဘယ်သူပါလိမ့်ဗျာ...။ (အဝိဇ္ဇာနဲ့တဏှာပါဘုရား)၊ အဝိဇ္ဇာနဲ့တဏှာ...(မှန်ပါ့)၊ လောကီဥပမာအလိုတော့ ပုံတောင်းကြီး...(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ပုံတောင်းပေါ်မှာ ဒေါက်ဘယ်နှစ်မျိုးစိုက်ထားသတုံး...။ (လေးမျိုးစိုက်ထားပါတယ်ဘုရား)။ ၆၆

ဒေါက်လေးမျိုးကို ဘယ်သူက အုပ်ချုပ်ထားပါလိမ့်မတုံး...။ (ဇရာ၊ မရဏအုပ်ချုပ်ထားပါတယ်ဘုရား)၊ ဇရာ၊ မရဏအကွပ်ကြီးက အုပ်ချုပ်ထားတယ်...။ (မှန်ပါ့)၊ ရိပ်မိကြပြီ...။ (ရိပ်မိပါပြီဘုရား)။

---

၆၆ ပုညာဘိသင်္ခါရကို ကာမနဲ့ ရူပခွဲပြီး ယူထားသဖြင့် ဒေါက်လေးမျိုးဖြစ်နေသည်။

ဒါဖြင့် ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်မှာ ဝင်ရိုး လှည့်နေလိမ့်မယ်...။ (မှန်ပါ့)၊ ဝဋ်တောင့်တလုပ်တဲ့ ကုသိုလ်ကလဲ အိုဘေး၊ သေဘေးမှာဆုံးတာပဲ...။ (မှန်ပါ့)။

ဝဋ်တောင့်တလုပ်တဲ့ ကုသိုလ်ကလဲ...(အိုဘေး၊ သေဘေးမှာ ဆုံးပါတယ်ဘုရား)၊ အိုဘေး၊ သေဘေးမှာ ဆုံးပါတယ်ဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

သားရေး သမီးရေး စီးပွားရေးနဲ့နေတဲ့ပုဂ္ဂိုလ်ကော... (အိုဘေး၊ သေဘေးမှာ ဆုံးပါတယ်ဘုရား)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ရူပဘုံရောက်ကြောင်းလုပ်တဲ့ ပုဂ္ဂိုလ်ကော... (အိုဘေး၊ နာဘေး၊ သေဘေးမှာ ဆုံးပါတယ်ဘုရား)။

မှားပြီးတော့ သမထတွေလုပ်ပြန်လို့ အရူပဘုံ ရောက်သွားပြန်တော့ ဘယ်လမ်းဆုံးသလဲ...။ (အိုဘေး၊ နာဘေး၊ သေဘေးမှာ လမ်းဆုံးပါတယ်ဘုရား)။

ဒါ့ကြောင့် ဇရာ၊ မရဏဆိုတဲ့ အိုဘေး၊ သေဘေး ဟာ ဒကာ ဒကာမတို့ ခင်ဗျားတို့လုပ်ချင်တဲ့ ကုသိုလ် တွေ ငါ့-အခွန်ဆက်တာပဲ၊ ငါ့ပြင်ဘက် မင်းတို့ မထွက် နိုင်ဘူးတဲ့...။ (မှန်ပါ့)၊ ဇရာ၊ မရဏအကုန်ချုပ်ထား တယ်...။ (မှန်ပါ့ဘုရား)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဘယ်သူက ချုပ်ထားပါလိမ့်...။ (ဇရာ၊ မရဏက ချုပ်ထားပါတယ်ဘုရား)။

ဒါဖြင့် ဒါ ခင်ဗျားတို့ ကုသိုလ်လုပ်တဲ့ ခန္ဓာကိုယ် ပေါ့ဗျာ...။ (မှန်ပါ့)၊ ဒါက အကုသိုလ်လုပ်တဲ့ ခန္ဓာကိုယ်... (မှန်ပါ့)၊ ဒါက ရူပဘုံလုပ်တဲ့ ခန္ဓာကိုယ်...(မှန်ပါ့)၊ ဒါက အရူပဘုံလုပ်တဲ့ ခန္ဓာကိုယ်...(မှန်ပါ့)၊ ဒီခန္ဓာကိုယ်တွေ ဘယ်မှာ လမ်းဆုံးသလဲ...။ (ဇရာ၊ မရဏမှာ လမ်းဆုံးပါတယ်ဘုရား)၊ ရှင်းပြီးနော်...။ (ရှင်းပါပြီဘုရား)။

အဲဒါကို အပိုင်းကြီးထဲမှာ ဒီအတိုင်းပါ–ပါတယ်...။ (မှန်ပါ့)၊ ဒကာ ဒကာမတို့ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဩော်...ငါတို့သည်ကားလို့ဆိုရင် ဝဋ်တောင့်တ, လုပ်တဲ့ ကုသိုလ်လဲ အိုဘေး၊ သေဘေးရတာပဲ...။ (မှန်ပါ့)၊ သားရေး၊ သမီးရေး အားထုတ်နေတာလဲ...(အိုဘေး၊ နာဘေး၊ သေဘေးရတာပါပဲ)၊ မှားပြီးသကာလ ရူပဘုံကြိုက်ပြီးလုပ်တဲ့ ကုသိုလ်တွေကော...(အိုဘေး၊ သေဘေး ရတာပါပဲဘုရား)၊ မှားပြီးသကာလ အရူပဘုံရောက်တဲ့ ကုသိုလ်တွေ လုပ်ပြန်တော့ကော...(အိုဘေး၊ သေဘေး ရတာပါပဲဘုရား)။

ဩော်...ဒါဖြင့် ခင်ဗျားတို့ အိုဘေး၊ သေဘေး မလွတ်သရွေ့ကာလပတ်လုံး မအိုရာ၊ မသေရာဖြစ်တဲ့ နိဗ္ဗာန်ကို ဘယ်တော့များမှ ရောက်နိုင်ပါ့မလဲ...။ (မရောက်

နိုင်ပါဘုရား)၊ မရောက်နိုင်ဘူးဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

**အာသဝတွေက ဝင်ရိုး**

ကောင်းပြီတဲ့၊ ဒီအထဲမှာ ဖုံတောင်းထဲမှာ ဒကာ သစ်တို့၊ ဒကာကြွယ်တို့၊ ဦးမာဒင်တို့ ဝင်ရိုးတပ်ပေး မယ်...။ (မှန်ပါ့)၊ ဟိုထဲမှာ ဝင်ရိုးမပါဘူး...။ (မှန်ပါ့)။

ဝင်ရိုးမပါနိုင်ဘူးတဲ့၊ စာက ရိုက်ရတာက မြားတွေ ပြရ၊ အမျိုးမျိုးအဖုံဖုံတွေ နားလည်အောင်တွေ လုပ်ရ တာနဲ့ ဝင်ရိုးမတပ်နိုင်ဘူး...။ (မှန်ပါ့)၊ တရားနာတဲ့အထဲ မှာပဲ မှတ်ကြပါတော့...။ (မှန်လှပါဘုရား)။

ဒီအထဲမှာ "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" ဆိုသောကြောင့် ခင်ဗျားတို့ကို မနေ့ကပြောခဲ့တဲ့ အာသဝ တွေက ဝင်ရိုးကြီးမှတ်ပါ...။ (မှန်ပါ့ဘုရား)။

ဒီ ဝင်ရိုးကြီးတပ်လှည့်လိုက်လို့ရှိရင် ဒကာ ဒကာမ တို့ ဒီဘီးကြီးဟာ အောက်ရောက်လိုက်၊ အထက်ရောက် လိုက် မနေဘူးလား...။ (နေပါတယ်ဘုရား)။

အောက်ရောက်လဲ အိုပွဲ၊ သေပွဲ...(မှန်ပါ့)၊ အထက် ရောက်လဲ...(အိုပွဲ၊ သေပွဲပါဘုရား)၊ ဘေးရောက်တော့ ကော...(အိုပွဲ၊ သေပွဲပါဘုရား)။

ဪ...အာသဝက လှည့်လိုက်တာ၊ ပုံတောင်းကြီးထဲ ဝင်ရိုးတပ်ပြီး လှည့်လိုက်တာ ဒကာ ဒကာမတို့၊ အထက်ရောက်လဲ အိုပွဲ၊ သေပွဲ...၊ (မှန်ပါ့)၊ ဘေးရောက်လဲ...(အိုပွဲ၊ သေပွဲပါ)၊ အောက်ရောက်ပြန်လဲ...(အိုပွဲ၊ သေပွဲပါ)၊ တောင်ဘက်ဘေးရောက်လဲ...(အိုပွဲ၊ သေပွဲပါ)၊ မြောက်ဘက်ဘေးရောက်လဲ...(အိုပွဲ၊ သေပွဲပါ)၊ အဲဒီလို တစ်သံသရာလုံး နေခဲ့ပါတယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတို့ တစ်သံသရာလုံးဟာ ဘယ်ပွဲချည့် နွှဲခဲ့ရပါလိမ့်...။ (အိုပွဲ၊ သေပွဲချည့် နွှဲခဲ့ရပါတယ်ဘုရား)။

အိုပွဲ၊ သေပွဲချည့် နွှဲခဲ့ရတယ်၊ ခင်ဗျားတို့လုပ်သရွေ့ ကုသိုလ် ဒီမှာ လမ်းဆုံးတယ်...။ (မှန်ပါ့)၊ ဝဋ်တောင့်တ လုပ်တဲ့ ကုသိုလ်...(ဒီမှာ လမ်းဆုံးပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးက ဒါနပယ်တာ မဟုတ်ဘူး။ ဝဋ်ကုသိုလ်မလုပ်နဲ့၊ ဝဋ္ဋကုသိုလ်လုပ်လို့...။ (မှန်ပါ့)၊ နိဗ္ဗာန်ရောက်ချင်လို့ လှူပါတယ်၊ တန်းပါတယ်၊ ခန္ဓာကိုယ်ကြီး ရှုံမုန်းလို့ လှူပါတယ်၊ တန်းပါတယ် ဆိုရင်ဖြင့် ခန္ဓာကိုယ်ပေါင်ပြီးလုပ်ပါ...။(မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ကောင်းပြီတဲ့၊ ဒါဖြင့် ဒကာ ဒကာမတို့ ဝင်ရိုးတပ်

လှည့်လိုက်တော့ ဒီဒေါက်ကြီးတွေဟာ ဒကာ ဒကာမတို့ အောက်ရောက်၊ အထက်ရောက် မရောက်ပေဘူးလား...။ (ရောက်ပါတယ်ဘုရား)၊ အောက်ရောက်လဲ ဇရာ၊ မရဏ ပြင်ဘက် ထွက်နိုင်ရဲ့လား...။ (မထွက်နိုင်ပါ)၊ အထက် ရောက်ပြန်ကော...(ဇရာ၊ မရဏ ပြင်ဘက် မထွက်နိုင် ပါဘုရား)။

ဒါဖြင့် ဒီဟာတွေ ဒကာ ဒကာမတို့ ဒီဝင်ရိုးရင်လဲ ကျိုးပါမှ...(မှန်ပါ့)၊ ပုံတောင်းရင်လဲ ပြုတ်ပါမှ...(မှန်ပါ့ ဘုရား)၊ နို့မဟုတ်ရင် ဒကာ ဒကာမတွေ ဒီဘီးကြီးဟာ အောက်ရောက်လိုက်၊ အထက်ရောက်လိုက်၊ ဘေးရောက် လိုက်နဲ့၊ ခင်ဗျားတို့ ဘယ်ရောက်လို့ အန္တရာယ်ကင်း သတုံးမေးရင် ဘယ့်နှယ်ဖြေကြမလဲ...။ (ဘယ်ရောက် လို့မှ မကင်းပါဘုရား)၊ ဘယ်ရောက်လို့မှ အန္တရာယ် မကင်းဘူး ဆိုတာ သေချာပလား...။ (သေချာပါပြီ ဘုရား)။

အဲ...အဲဒီဘီးကြီးဟာ ဘာတွေကို ခင်ဗျားတို့ကို လိုမ့်ပြီး ဆွဲငင်သွားပါလိမ့်မတုံးဆိုတော့ ခန္ဓာငါးပါးတွေကို ဆွဲပြီးတော့ အောက်ပို့လိုက်၊ အထက်ပို့လိုက်နဲ့...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

အောက်ပို့လဲ အိုဘေး၊ သေဘေးထဲ ပို့လိုက်တာ ပဲ...။ (မှန်ပါ့)၊ အထက်ပို့ပြန်ကော...(အိုဘေး၊ သေဘေး

ထဲ ပို့ပါတယ်ဘုရား)၊ ဘေးနှစ်ချက်ပို့ပြန်ကော...(အိုဘေး၊ သေဘေးထဲ ပို့တာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီဘီးကြီးကို ကျုပ်တို့ တစ်သံသရာလုံးကဖြင့် ဒီအတိုင်းနေခဲ့တာအမှန်ပါပဲ...၊ (မှန်ပါ့ဘုရား)။

ဒီတွင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီဘီးကြီး ဘယ်လိုလုပ်ရပါ့မတုံး၊ ဒီအဝိုင်းကြီး ဘယ်လိုလုပ် လုပ်ရပါ့မတုံးလို့ဆိုတဲ့ အဓိပ္ပာယ်ဟာ ပေါ်လာတယ်...။ (ပေါ်လာပါတယ်ဘုရား)။

အဲ...ဒါဖြင့် ပုံတောင်းပျက်မှသာလျှင် ဒကာ ဒကာမတို့ ဝင်ရိုးကျိုး၊ ပုံတောင်းပျက်မှသာလျှင် ဒေါက်တွေ ဗလာချာသွားပြီး အိုဘေး၊ သေဘေးဆိုတဲ့ အကွပ်ကြီးဟာ ပြုတ်ကျသွားမယ်...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝင်ရိုးရင်လဲ ကျိုးပါမှ...(မှန်ပါ့)၊ ပုံတောင်းရင်လဲ...(ကျိုးပါမှပါဘုရား)၊ ဒီနှစ်ခုဟာ လိုရင်းပဲ...။ (မှန်ပါ့)၊ ဒါဖြင့်...ဒီနှစ်ခုကို ဘုန်းကြီးတို့ကို ချိုးပေးရလိမ့်မယ်...။ (မှန်ပါ့ဘုရား)။

ကောင်းပြီ...ဒါဖြင့် ပုံတောင်းကို ပြောကြပါစို့ဆိုတော့ ပုံတောင်းက အဝိဇ္ဇာနဲ့တဏှာ...(မှန်ပါ့)၊ ဝင်ရိုးက အာသဝ...(မှန်ပါ့)၊ အာသဝဝင်ရိုးနဲ့ အဝိဇ္ဇာနဲ့တဏှာ ပုံတောင်းကြီး လှည့်လိုက်တာ ဒကာ ဒကာမတို့

အောက်ရောက်သေလိုက်၊ အထက်ရောက်သေလိုက်... (မှန်ပါ့ဘုရား)။

အပေါ်ရောက်ကော...(သေပါတယ်)၊ ဘာပွဲချည့် နွှဲရပါလိမ့်...။ (အိုပွဲ၊ သေပွဲချည့် နွှဲရပါတယ်ဘုရား)။

သီ၊ ကြား၊ လိမ္မာရှိတဲ့ဘဝမှာ ကုသိုလ်ကလေး လုပ်လိုက်ပြန်တော့လဲ ဒီ့ထက်ချမ်းသာတဲ့ လူ့ပြည်၊ နတ်ပြည်ရောက်ကြောင်း၊ လုပ်လိုက်ပြန်တော့လဲ အိုဘေး၊ သေဘေးနဲ့ သွားတွေ့တယ်...။ (မှန်ပါ့)။

မိဘရိုးရာအတိုင်း သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်ပေးနေပြန်တော့လဲ အိုဘေး၊ သေဘေး လာတယ်...။ (မှန်ပါ့ဘုရား)။

ဟာ...ဆရာမှားတွေကြောင့် ရူပဗြဟ္မာဖြစ်ကြောင်း လုပ်လိုက်မယ်ဆိုပြန်တော့လဲ ဘာတွေ့ပြန်သတုံး...။ (အိုဘေး၊ သေဘေး တွေ့ပါတယ်ဘုရား)။

ဟာ...အရူပဗြဟ္မာဖြစ်ကြောင်း၊ နတ်ဖြစ်ကြောင်း လုပ်လိုက်မယ်ဆိုပြန်တော့ကော...(အိုဘေး၊ သေဘေးနဲ့ တွေ့ပါတယ်ဘုရား)။

ဒါ့ကြောင့် ဒကာ ဒကာမတို့ ကျုပ်တို့ တစ်သံသရာ လုံးမှာ ဗြဟ္မာလဲဖြစ်ခဲ့ပါပြီ...။ (မှန်ပါ့)၊ နတ်တွေလဲ ဖြစ်ခဲ့ ပါပြီ ဘုရား)။

အပါယ်ကောင်ကြီးတွေကော...(ဖြစ်ခဲ့ပါပြီ)၊ ဘယ်သူ လှည့်လိုက်ပါလိမ့်ဗျာ...။ (ဝင်ရိုးက လှည့်ပါတယ်ဘုရား)။

အာသဝထည့်ပါဦး။ သေသေချာချာမှတ်ပါ၊ အာသဝ ဝင်ရိုးက တပ်လှည့်လိုက်တယ်...။ (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘယ်သူက လှည့်သလဲ...။ (အာသဝ ဝင်ရိုးက တပ်လှည့်ပါတယ်ဘုရား)။

အာသဝ ဝင်ရိုးက တပ်လှည့်တော့ ပုံတောင်းကြီးက ဒကာသစ်ရေ လည်ရတာပဲ...။ (မှန်ပါ့)၊ ဦးမာဒင် သဘော ကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့်...ကျုပ်တို့မှာ စုန်ချည်၊ ဆန်ချည်လား၊ အဝိုင်းကြီး လှည့်ပြီး အိုဘေး၊ သေဘေးတွေနဲ့ ပြေးနေရ တာလား...။ (အဝိုင်းကြီးလှည့်ပြီး အိုဘေး၊ သေဘေးတွေ နဲ့ ပြေးနေရတာပါ)၊ စုန်ချည်၊ ဆန်ချည်တောင် မဟုတ် ဘူး...။ သူ့ဟာက...(မှန်ပါ့)။

အဝိုင်းပြေးပြီးသကာလ အိုဘေး၊ သေဘေးတွေနဲ့ နေရတယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့်...ဒကာ ဒကာမတို့ ဒီဥစ္စာဒီစက်ဝိုင်းကြီးသည် ကျုပ်တို့၏ သံဝေဂရဖို့ပါပဲ...(မှန်ပါ့ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒီစက်ဝိုင်းကြီးထဲ ကြည့်လိုက်တော့လဲ ဒကာသစ်

ရေ...သမုဒယသစ္စာနဲ့ ဘာတုံး...။ (ဒုက္ခသစ္စာပါပဲ)၊ ဒါပဲ ပါတယ်...။ (မှန်ပါ့ဘုရား)၊ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ မပါနိုင်ဘူး...။ (မှန်လှပါဘုရား)။

ဘာပါနိုင်ပါလိမ့်မလဲ...၊ မဂ္ဂသစ္စာက ဝင်ရိုးချိုးရ မှာ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

မဂ္ဂသစ္စာက...(ဝင်ရိုးချိုးရမှာပါဘုရား)၊ ဝင်ရိုးချိုးရ မှာဖြစ်လေတော့ ခင်ဗျားတို့က ဝင်ရိုးချိုးနည်း နိဿရည်း ကို ရမှ မရဘဲ...။ (မှန်ပါ့)၊ ရှင်းကြပလား...။ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သေသေ ချာချာ ဒီတရားကိုဖြင့် တို့ဘယ်ကနေဖြတ်ပြီး ဘယ်က နေ လုပ်မှ တော်မယ်ဆိုတဲ့ ဉစ္စာကိုဖြင့် အခု ဘုန်းကြီး နောက်ဆုံးပိတ် တောင်းပန်တဲ့ဉစ္စာက ဝဋ်ကို တောင့်တ လုပ်တဲ့ ကုသိုလ်ကို မလုပ်ပါနဲ့...။ (မှန်ပါ့)။

ဘာတဲ့တုံး...။ (ဝဋ်တောင့်တလုပ်တဲ့ ကုသိုလ် မလုပ် ရပါ)၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ရောက်ရုံလောက်ကုသိုလ် ကို မလုပ်ပါနဲ့...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ရောက်တဲ့ ကုသိုလ်... (မလုပ်ပါနဲ့)၊ ဘာဖြစ်လို့တုံးဆိုတော့ လူ့ပြည်၊ နတ်ပြည် ရောက်တဲ့ ကုသိုလ်သည် ဟောဒီမှာ ဒကာ ဒကာမတို့၊ အိုဘေး၊ သေဘေးမှာ လမ်းဆုံးတယ်...။ (မှန်ပါ့)။

ခင်ဗျားတို့ပြုတဲ့ ဒါနသည် အိုချင်၊ သေချင်လို့ လုပ်တာလား၊ အအို၊ အသေလွတ်အောင် လုပ်တာလား…။ (အအို၊ အသေလွတ်အောင်လို့ လုပ်တာပါဘုရား)။

သို့သော်…ခင်ဗျားတို့ ဒီဥစ္စာ တဏှာဆိုတဲ့ လည် တတ်တဲ့ လမ်းကြီးက ခြယ်လှယ်ပြီးနေတဲ့အတွက်၊ မချုပ် တဲ့အတွက်ပေါ့ဗျာ…။ (မှန်ပါ့)။

ခင်ဗျားတို့ ပြုလုပ်တဲ့ ကုသိုလ်ဟာ အဝိဇ္ဇာတဏှာ၏ လက်အောက် ဖြစ်သွားတယ်…။ (ဖြစ်ပါတယ်)၊ အဝိဇ္ဇာ တဏှာ လက်အောက်ဖြစ်သွားတော့ အိုဘေး၊ သေဘေးပဲ ရတယ်…။ (မှန်ပါ့ဘုရား)။

ကြည့် အလည်ပုံတောင်းကြီး လက်အောက်မှာ ဒီဒေါက်က စိုက်မနေရဘူးလား…။ (စိုက်ရပါတယ်)၊ ဒီ အကွပ်မှာ လမ်းမဆုံးဘူးလား…။ (ဆုံးပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာတဏှာလက်အောက်မှ သူတို့ စီမံ သလိုပြုတဲ့ ကုသိုလ်သည် အိုဘေး၊ သေဘေးမှာ လမ်း ဆုံးတယ်…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာတဏှာ လက်အောက်မှာရှိတဲ့ သားရေး၊ ဘမီးရေး၊ စီးပွားရေးလုပ်တဲ့ အကုသိုလ်သည် ဘယ်လမ်း ဆုံးသလဲ…။ (အိုဘေး၊ သေဘေးမှာ လမ်းဆုံးပါတယ် ဘုရား)။

ဆရာမှားနဲ့တွေ့လို့ ရှုပဖြုဟ္ဘာပြည်ရောက်အောင်

လုပ်တဲ့ကုသိုလ်သည်ကားလို့ဆိုရင်လဲ ဒီပုံတောင်းပေါ်မှာ လာစိုက်ရတဲ့အတွက် ဘယ်မှာလမ်းဆုံးသလဲ...။ (အိုဘေး၊ သေဘေးမှာ လမ်းဆုံးပါတယ်ဘုရား)။

ဆရာမှားနဲ့ တွေ့တာနဲ့ အရူပဗြဟ္မာပြည်၊ နတ်ချည့်ဖြစ်ချင်တဲ့ ဗြဟ္မာပြည်ရောက်ကြောင်း လုပ်လိုက်တဲ့ ယောဂီဟာလဲ ဒကာ ဒကာမတို့ ဘယ်မှာ လမ်းဆုံးသလဲ...။ (အိုဘေး၊ သေဘေးမှာ လမ်းဆုံးပါတယ်ဘုရား)။

အဝိဇ္ဇာပေါ်မှာ ဒေါက်လာစိုက်တယ်...။ (မှန်ပါ့)၊ အဝိဇ္ဇာတဏှာပေါ်မှာ ဒေါက်ကလာပြီး စိုက်နေတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အဲဒီတော့ အကွပ်ပြင်ဘက် သွားနိုင်သေးရဲ့လား...။ (မသွားနိုင်ပါဘုရား)၊ အကွပ်ပြင်ဘက် မသွားနိုင်ကတည်းက အကွပ်သည် အိုဘေး၊ သေဘေးပဲ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့သည် တစ်သံသရာလုံး လုပ်ခဲ့သရွေ့ သေပွဲနွဲဖို့ချည့် လုပ်ခဲ့ရတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဆင်းရဲပွဲနဲ့ သေပွဲချည့် လုပ်ခဲ့ရတယ်...။ (မှန်ပါ့ဘုရား)။

တစ်သံသရာလုံး ဘယ်အတွက် လုပ်ခဲ့ရသလဲ...။ (သေပွဲချည့် လုပ်ခဲ့ရပါတယ်ဘုရား)၊ ဒါဖြင့် ခဲလေသမျှ သဲရေကျပဲ...။ (မှန်ပါ့ဘုရား)။

ဒကာကြွယ်...ဘယ့်နှယ်ဖြစ်သတုံး...။ (ခဲလေသမျှ သဲရေကျ ဖြစ်ကုန်ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှ ဒီ ပုံတောင်းကြီးကိုလဲ ဒကာ ဒကာမတွေက မဖျက်ဆီးနိုင်တော့ ဝင်ရိုးက ထင်သလို လှည့်တယ်...။ (မှန်ပါ့)။

လှည့်လိုက်တဲ့အခါကျတော့ အိုပွဲ၊ သေပွဲ၊ တစ်ခါတလေ နတ်ပြည်မှာ သေပွဲ၊ တစ်ခါတလေ အပါယ်လေးပါးမှာ သေပွဲ...။ (မှန်လှပါဘုရား)၊ အာသဝက လှည့်လိုက်တာ...။ (လှည့်ပါတယ်ဘုရား)။

တစ်ခါတလေကျတော့ ရူပဘုံသွားပြီး မသာကြီး မဖြစ်ရဘူးလား...။ (ဖြစ်ရပါတယ်)၊ တစ်ခါတလေ အရူပဘုံ သွားပြီး...(မသာကြီးဖြစ်ပါတယ်ဘုရား)။

တစ်ခါတလေ နတ်ပြည်သွားပြီး...(မသာကြီးဖြစ်ရပါတယ်)၊ တစ်ခါတလေ အပါယ်လေးပါးသွားပြီး... (မသာကြီး ဖြစ်ရပါတယ်ဘုရား)။

အင်း...ဘယ်သူလှည့်လိုက်ပါလိမ့်ဗျာ...။ (အာသဝ လှည့်လိုက်တာပါဘုရား)၊ အာသဝဝင်ရိုးက ပုံတောင်း လှည့်လိုက်တယ်...။ (မှန်ပါ့ဘုရား)၊ ပုံတောင်လှည့်လိုက်တော့ အတည်နေနိုင်သေးရဲ့လား...။ (မနေနိုင်ပါဘုရား)။

ဩော်...ဒကာ ဒကာမတို့ ဘယ်လိုများ ကျုပ်တို့ နောက်တုန်းက နေခဲ့ရပါလိမ့်မတုံးဆိုတော့ အောက်ရောက်၊

အထက်ရောက်နဲ့ သေပွဲချည့်ပဲဘုရား...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဘယ်လိုများ နေခဲ့၊ ထိုင်ခဲ့ရပါလိမ့်...။ (အောက်ရောက်၊ အထက်ရောက်နဲ့ သေပွဲချည့်ပါဘုရား)။

တပည့်တော်တို့ အသေနဲ့သာ နေခဲ့ရပါတယ်ဘုရား၊ အသေလွတ်ဖြင့် မတွေ့ခဲ့ပါဘူး...။ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်...။ (အသေနဲ့သာ နေခဲ့ရပါတယ်၊ အသေလွတ် မတွေ့ခဲ့ရပါဘုရား)။

ပြုလိုက်တဲ့ ကုသိုလ်တွေလဲ နည်းတာမဟုတ်ဘူး...။ (မနည်းပါဘုရား)၊ အဝိဇ္ဇာလက်အောက်မှာ လုပ်တဲ့ကုသိုလ် ဖြစ်လေသောကြောင့်က ဒကာ ဒကာမတို့ အိုပွဲ၊ သေပွဲရတယ်...။ (ရပါတယ်ဘုရား)၊ ရှင်းပလား...။ (ရှင်း ပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာတဏှာမချုပ်သရွေ့ကာလပတ်လုံး ဒီဒေါက်တွေနဲ့တူတဲ့ ကုသိုလ် အကုသိုလ်တွေဟာ ဒကာ ဒကာမတို့ ဘယ်လွင့်သွားပါ့မလဲ...။ (မလွင့်ပါဘုရား)၊ ဘယ်လွင့်မလဲ၊ ဟောဒီအကွပ်က ချုပ်ထားတယ်...။ (မှန်ပါ့ဘုရား)၊ မင်းတို့ပြုတဲ့ကုသိုလ် မင်းတို့ ဟောဒီအသေကျအောင်တော့ ငါသည် ရွက်ဆောင်ရဦးတော့မှာပဲဆိုပြီး အကွပ်က ချုပ်ထားတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေဖြစ်စဉ်က ဖြင့် ဒကာကြွယ်ရေ...ကိုယ်ကျိုးနည်းပြီး...(နည်းပါတယ် ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတွေ ကိုယ်ကျိုးနည်းတာ သိကြပလား...။ (သိပါပြီဘုရား)၊ အဲဒီအဝိုင်းကြီးကို ကြပ်ကြပ်ကြည့်ပါ...။ (မှန်ပါ့ဘုရား)၊ အဝိုင်းကြီးကို ကြည့်လိုက်လို့ရှိရင် အလယ်မှာ အဝိဇ္ဇာတဏှာ တွေ့လိမ့်မယ်...။ (တွေ့ပါတယ်ဘုရား)၊ သဘောကျပြီ...။ (ကျပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ ဒီလိုပဲ အောက်သေလိုက်၊ အထက်သေလိုက် ဟုတ်လား...။ (မှန်လှပါဘုရား)။

ကျုပ်တို့သည် သေတာတောင် နေရာမရွေးနိုင်ဘူး...။ (မှန်ပါ့)၊ တစ်နေရာတည်းသေပါရစေလို့ ဒကာကြွယ် ဆုတောင်းလို့ရရဲ့လား...။ (မရပါဘုရား)၊ အာသဝ ဝင်ရိုးလှည့်ရာမှာ သွားသေတာပဲ...။ (မှန်ပါ့)။

ဘယ်သွားသေရပါလိမ့်...။ (အာသဝ ဝင်ရိုးလှည့်ရာ သွားသေရပါတယ်ဘုရား)၊ ဩော်...ကြောက်စရာကြီးပါလား...။ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘယ်များ သွားသေကြလဲ...။ (အာသဝ ဝင်ရိုးလှည့်ရာ သွားသေရပါတယ်ဘုရား)၊ တစ်ခါ တလေ တိရစ္ဆာန်ဘုံမှာ မသာဖြစ်ရတယ်...။

(မှန်ပါ့)၊ ဟ… ဘယ်သူ လှည့်လိုက်ပါလိမ့်…။ (အာသဝ ဝင်ရိုးလှည့်လိုက် ပါတယ်ဘုရား)။

တစ်ခါတလေ နတ်ပြည်သွားဖြစ်ရတယ်…။ (မှန်ပါ့)၊ ဟ…ဘာဖြစ်တာပါလိမ့်…။ (အာသဝ ဝင်ရိုးလှည့်တာပါဘုရား)၊ အာသဝ ဝင်ရိုးလှည့်ပြီး တင်လိုက်တာနဲ့ သွားပြီး သေရတယ်…။ (မှန်ပါ့ဘုရား)။

တစ်ခါတလေကျတော့ အရူပဘုံသွားပြီး သေရတယ်…။ (မှန်ပါ့)၊ ဘယ်သူလှည့်လိုက်ပါလိမ့်…။ (အာသဝ ဝင်ရိုး လှည့်လိုက်တာပါဘုရား)။

တစ်ခါတလေကျတော့ ရူပဗြဟ္မာ့ပြည်မှာ ရုပ်ချည့် ဖြစ်တဲ့ ပြည်များ သွားပြီး သေလိုက်ရတယ်…။ (မှန်ပါ့)၊ ဘယ်သူ လှည့်လိုက်ပြန်ပါလိမ့်…။ (အာသဝ ဝင်ရိုး လှည့်လိုက်တယ်ဘုရား)။

အင်း…လွတ်အောင်ရှန်းပါတော့လားဆိုတော့ အကွပ်နဲ့တူတဲ့ အိုဘေး၊ သေဘေးက ချုပ်ထားတယ် ဘုရာ့…။ (မှန်ပါ့)၊ သူတို့ကို မပြေးနိုင်ဘူး…။ (မှန်ပါ့)၊ အကွပ်ကြီးက ချုပ်မထားဘူးလား…။ (ချုပ်ထားပါတယ် ဘုရား)။

အဝိဇ္ဇာ တဏှာဆိုတဲ့ ပုံတောင်းကြီးပေါ်လဲ ကျုပ် တို့ ပြုထားတဲ့ အကုသိုလ်တွေက ဆက်မနေဘူးလား…။ (ဆက်နေပါတယ်ဘုရား)။

အဲဒီ ကုသိုလ်ပြုတဲ့ ခန္ဓာအလယ်နှစ်ခု ဒီ...အလယ် နှစ်ခု၊ ဒီအလယ်နှစ်ခုဟာ ကုသိုလ်ခန္ဓာ၊ ကုသိုလ်ပြုတဲ့ ခန္ဓာတွေသာ မှတ်လိုက်စမ်း...။ (မှန်ပါ့)။

ဒါဖြင့် ခန္ဓာစက်မလည်လား...။ (လည်ပါတယ် ဘုရား)၊ ဘာနဲ့ လည်သတုံး...လို့ မေးတဲ့အခါကျတော့မှ ဒကာ ဒကာမတို့ အသေလည်တာ...။ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်...။ (အသေလည်တာပါဘုရား)၊ အသေလည်တယ်ဆိုတာဖြင့် သေသေချာချာ ရှင်းကြ ပါတယ်...။ (ရှင်းပါတယ်ဘုရား)။

ကဲ...ဒကာ ဒကာမတို့ နောက်ထပ် လည်ချင်သေး သလား...။ (မလည်ချင်ပါဘုရား)၊ ဟုတ်ကဲ့လား...။ (ဟုတ် ပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သေသေချာချာနားထောင်ပါ၊ ဆရာဘုန်းကြီးသည်တဲ့ အင်မတန်အရင်းထားပြီးသကာလ ဒကာ ဒကာမတို့ အင်မတန်သနားလို့ ပြောတယ်နော်...။ (မှန်ပါ့ဘုရား)။

အင်မတန်သနားလို့ပြောတော့ ဒကာ ဒကာမတို့ ဒီဘီးကြီးတော့ဖြင့် မလည်ကြပါနဲ့တော့...။ (မှန်ပါ့)၊ ဒီ ဒေါက်တွေကော ဖြစ်ချင်သေးသလား...။ (မဖြစ်ချင်ပါ ဘုရား)၊ ဒီဒေါက်တွေလဲ မလုပ်နဲ့...။ (မှန်ပါ့)။

အကုသိုလ်လဲ မလုပ်နဲ့၊ ဝဋ်တောင့်ဝတဲ့ ကုသိုလ်ကံတွေကော...(မလုပ်ရပါဘုရား)၊ အရူပဗြဟ္မာ့ပြည်ရောက်ကြောင်း ကုသိုလ်တွေကော...(မလုပ်ရပါဘုရား)၊ ရူပဗြဟ္မာ့ပြည်ရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်တွေကော...(မလုပ်ရပါဘုရား)။

ဘာဖြစ်လို့မလုပ်နဲ့လို့ ဆရာဘုန်းကြီး ကန့်ကွက်ပါလိမ့်မတုံးဆိုတော့ အိုဘေး၊ သေဘေးဆိုတဲ့အကွပ်ပြင်ဘက်မထွက်နိုင်ဘူး...။ (မှန်ပါ့)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီအဝိုင်းကြီးကိုဖြင့် ဝင်ရိုးရင်လဲ ကျိုးပါမှ၊ ပုံတောင်းရင်လဲ ပြုတ်ပါမှ...(မှန်ပါ့)။

ကျုပ်တို့ ခင်ဗျားတို့ တစ်ခါတည်းလည်တဲ့ ဇာတ်ကိုဖြင့် အကုန်ရပ်သွားနိုင်စေမယ်လို့ မှတ်လိုက်ကြစမ်းပါ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် သစ္စာသိတဲ့ ပုဂ္ဂိုလ်များအတွက်မှာတဲ့ "ဗာနေလက္ခဏံ ဒုက္ခသစ္စံ သန္တာပရသံ၊ ပဝတ္တိပစ္စုပဋ္ဌာနံ..." (မှန်ပါ့)၊ ပဝတ္တိပစ္စုပဋ္ဌာနံ=စက်ယန္တရား ရဟတ်ချားသို့ မနားမရပ် ပတ်ပတ်ထွေထွေ ကျင်လည်စေခြင်းလျှင်ထင်သောအခြင်းအရာရှိ၏...။ (မှန်ပါ့)၊ ဉာဏ်ထဲမှာ အဲဒီဟာကြီး ကြည့်လိုက်တော့ ဩော်...ငါ ဒီလိုလည်နေပါကလား မှတ်လိုက်...။ (မှန်ပါ့)။

ဒီအပိုင်းကြီး ကြည့်လိုက်တဲ့အခါကျတော့ ဩော်... ဝိညာဏ်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတာ ခန္ဓာငါးပါးပဲ...။ (မှန်ပါ့)၊ အဲဒါ...မိမိခန္ဓာ မှတ်လိုက်...။ (မှန်ပါ့)။

အဝိဇ္ဇာသင်္ခါရတို့ တဏှာ ဥပါဒါန် ကံတို့ကလဲ ဩော်...မိမိသန္တာန်ထဲမှာရှိတဲ့မကောင်းတဲ့တရားအကြောင်း ငါးပါးပါကလား...။ (မှန်ပါ့)။

ဒီအကြောင်းငါးပါးကြောင့် အကျိုးခန္ဓာငါးပါးကြီး ပေါ်လာတယ်...။ (မှန်ပါ့)။

ဒီအကျိုးခန္ဓာငါးပါးထဲကမှ အကျိုးခန္ဓာငါးပါးရယ်လို့ မသိပြန်သောကြောင့် မသိတဲ့အဝိဇ္ဇာနဲ့ သင်္ခါရသည်ကျပ်တို့ လာပြန်တယ်...။ (မှန်ပါ့)၊ ရောက်ရာခင်တဲ့ တဏှာ၊ ဥပါဒါန်၊ ကံက ပေါ်မနေဘူးလား...။ (ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်အကျိုးထဲကနေပြီး အနာဂတ်အကြောင်းတွေဟာ ပေါက်ပွားလာတယ်...။ (ပေါက်ပွားပါတယ် ဘုရား)၊ အနာဂတ်အကြောင်း ပေါက်ပွားတော့ ဒကာသစ် အနာဂတ်အကျိုး ငြင်းဆန်လို့ရပါ့မလား...။ (မရပါဘုရား)။

ဒုက္ခသစ္စာဆိုတဲ့ ခန္ဓာငါးပါး လာ–မလာ...(လာပါတယ်ဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ဩော်...ဒါဖြင့် ဒကာ ဒကာမတွေ အဲ့ဒီအဝိုင်းကြီး ထဲမှာဖြင့် သစ္စာဘယ်နှစ်ပါးလည်သတုံး...။ (နှစ်ပါးလည် ပါတယ်)၊ သစ္စာနှစ်ပါးတည်းလည်တယ်...။ (မှန်ပါ့ဘုရား)၊ ဒုက္ခသစ္စာနဲ့...(သမုဒယသစ္စာပဲ လည်ပါတယ်ဘုရား)။

သမုဒယ ဒုက္ခ၊ သမုဒယ ဒုက္ခ၊ သမုဒယ ဒုက္ခ ဒါပဲ ရှိတယ်...။ (မှန်ပါ့ဘုရား)၊ ဒကာ ဒကာမတို့ သဘော ကျပလား...။ (ကျပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒီအဝိုင်းကြီးကို ကျုပ်တို့သည် တန်းပြီးသကာလ ပြကြပါစို့...။ (မှန်ပါ့)၊ ဒီအဝိုင်းကြီးကို ဒါက လည်ပုံကို တန်းပြမယ်၊ ဒကာ ဒကာမတွေ ပဋိစ္စ သမုပ္ပါဒ် တန်းပြဦးမယ်နော်...။ (မှန်ပါ့)။

## ပုဂ္ဂိုလ်အဖြစ်နဲ့ မတွေးနဲ့ ၊ ဓမ္မအဖြစ်နဲ့တွေး

ဒကာ ဒကာမတို့ အရှည်ကြီး တွေးနေလို့ရှိရင် ဆုံးမှာ မဟုတ်သောကြောင့် ဘုရားဟောတဲ့အတိုင်းပဲ ကွာ၊ မင်း ပုဂ္ဂိုလ်တွေအဖြစ်နဲ့မတွေးနဲ့၊ ဓမ္မအဖြစ်နဲ့ တွေး လိုက်...၊ ဓမ္မအဖြစ်နဲ့ သတ္တာဝါအစ အဝိဇ္ဇာသခါရကသာ တွေးလိုက်...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ကဲ...ဒါဖြင့် ကျုပ်တို့သည် ဟောဒါ အတိတ်ဘဝ မှတ်လိုက်...။ (မှန်ပါ့)၊ အတိတ်ဘဝအဝိဇ္ဇာနော်...။ (မှန်ပါ့ ဘုရား)။

ဒကာ ဒကာမတို့ ဘဝက ဘာဘဝတုံး…။ (အတိတ်ဘဝပါဘုရား)၊ အေး…ကျုပ်တို့ ဟိုတက်ကသေခဲ့တဲ့ ဘဝကပေါ့ဗျာ…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီ)၊ အဲဒါ ဘာဘဝဆိုကြမလဲ…။ (အတိတ်ဘဝပါ)၊ သေပြီးသားဘဝဟာလေ…(မှန်ပါ့)၊ အတိတ်ဘဝဆိုတာ သေချာပလား…။ (သေချာပါပြီဘုရား)။

အဲဒီအတိတ်က ကျုပ်တို့မှာတဲ့ သစ္စာလေးပါး မသိခဲ့တဲ့ အဝိဇ္ဇာရှိခဲ့တယ်…။ (မှန်ပါ့)၊ သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာက ကျုပ်တို့ဝမ်းထဲမှာ ရှိမနေဘူးလား…။ (ရှိနေပါတယ်)၊ ဘယ်တုန်းကပါလိမ့်…။ (အတိတ်ဘဝက ပါ ဘုရား)။

မဖျောက်နဲ့၊ မဖျောက်နဲ့၊ အတိတ်ဘဝကို မဖျောက်နဲ့၊ ဒါ နားလည်မှ နေရာကျမယ်…။ (မှန်ပါ့ဘုရား)။

ကဲ…ဒါဖြင့် ဒကာ ဒကာမတို့ အဲဒီတုန်းက ကျုပ်တို့က အခု တရားနာနေတဲ့ ဒကာ ဒကာမတွေ ဖြစ်စဉ်ပြောတာနော်…။ (မှန်ပါ့ဘုရား)။

**အတိတ်ဘဝက ဘာနဲ့နေခဲ့သတုံး**

အတိတ်ဘဝက ကျုပ်တို့ ဘာနဲ့နေခဲ့သတုံးမေးတော့ သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့တယ်…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ဘာမသိတဲ့ အဝိဇ္ဇာနဲ့နေခဲ့သလဲ...။ (သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့ပါတယ်ဘုရား)။

ဒါနဲ့ပဲ ကျုပ်တို့သည်ကားလို့ဆိုရင်ဖြင့် ကိုင်း... မသိရင် မသိတဲ့အလုပ်တော့ လုပ်တော့မှာပဲ...။ (မှန်ပါ့ဘုရား)။

မသိတော့ဘာတဲ့...(မသိတဲ့အလုပ်ကို လုပ်မှာပါ)၊ မသိတဲ့အလုပ်ကို လုပ်တော့မှာပဲဆိုတာ ဒကာ ဒကာမ တွေ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

ကဲ...ဒါဖြင့် အခု တရားနာနေတာ လူတွေပါပဲ...။ (မှန်ပါ့)၊ ကဲ...လူ့ပြည်ရောက်ကြောင်းဖြစ်တဲ့ကုသိုလ်... (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ လူ့ပြည်ဆု တောင်းတဲ့ တဏှာ...။ (မှန်ပါ့)၊ "အဝိဇ္ဇာပစ္စယာသင်္ခါရာ" လုပ်ခဲ့တယ်...။ (မှန်ပါ့ဘုရား)။

နောက်ဘဝက ဘာတွေလုပ်ခဲ့ပါလိမ့်...။ (အဝိဇ္ဇာ ပစ္စယာသင်္ခါရာလုပ်ခဲ့ပါတယ်)၊ ဘယ်တုန်းက လုပ်ခဲ့ သလဲ...။ (အတိတ်ဘဝကပါဘုရား)။

ဩော်...ဒကာ ဒကာမတွေ နောက်တုန်းက သူတော်ကောင်းတွေလား အောက်မေ့တယ်၊ သေကြောင်း ကြံတဲ့ ဒကာ ဒကာမတွေပါလား...။ (မှန်ပါ့)၊ မနာကြပါနဲ့ နော်...။ (မနာပါဘုရား)၊ မနာကြနဲ့၊ ခင်ဗျားတို့ဖြစ်စဉ် ဒီအတိုင်း...။ (မှန်ပါ့)။

နောက်ဘဝက လှူခဲ့တန်းခဲ့တာ ခင်ဗျားတို့ ဘုန်းကြီး သာဓုခေါ်ရမလား အောက်မေ့တယ်၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံခဲ့တာပဲ...။ (မှန်ပါ)၊ ပေါ်ပလား...။ (ပေါ်ပါ ပြီ ဘုရား)။

ဘယ်လိုပေါ်ကြသတုံး...။ (ကိုယ့်ကိုယ်ကိုယ် သေ ကြောင်း ကြံခဲ့ပါတယ်ဘုရား)၊

တပည့်တော်တို့သည် သစ္စာလေးပါးမသိတော့ လူ့ ခန္ဓာကိုယ် ဒုက္ခသစ္စာလို့ မသိတာက နောက်ဘဝက အဝိဇ္ဇာ...(မှန်ပါဘုရား)။

ဒါဖြင့် နောက်ဘဝက ဒါန၊ သီလတွေပြုလိုက်တာ က ကုသိုလ်...(မှန်ပါ)၊ ပုညာဘိသင်္ခါရ...(မှန်ပါ)၊ ဆု တောင်းတာက အပုညာဘိသင်္ခါရ တဏှာ...(မှန်ပါဘုရား)။

ဒါဖြင့် ဒီနောက်ဘဝက အဝိဇ္ဇာပစ္စယာ...(သင်္ခါရာပါ ဘုရား)၊ သင်္ခါရပေါ်လာပြီ...။ (ပေါ်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် နောက်ဘဝက ခင်ဗျားတို့ ဆုတောင်း ပြည့်ကြပါစို့ဗျာ...။ (မှန်ပါ)၊ ဒကာ ဒကာမတို့ ပြည့်လိမ့် ဦးမယ်ဆိုတာ သေသေချာချာမှတ်ပါ...။ (မှန်ပါဘုရား)။

တောင်းထားတဲ့ဆု ဘာဖြစ်ဦးမယ်ထင်သတုံး...။ (ပြည့်ဦးမှာပါဘုရား)။

တပည့်တော်ဖြင့် သေများသေချင်ပြီလို့...။ (မှန်ပါ)၊ မသေပါနဲ့ဦး၊ တောင်းထားတဲ့ဆု မပြည့်သေးဘူး...။ (မှန်ပါ)၊

ဒီကြားမှာ ခင်ဗျားတို့ ဒီထက် များရည်ကြီးငယ် ကျစရာ ရှိသေးတယ်...။ (မှန်ပါ့ဘုရား)။

အဲဒါ မပြီးသေးဘူး...။ (မှန်ပါ့)၊ သေသွားရင်တောင် မှ မတိုလိုက်ရဘဲ နေမှာပေါ့...။ (မှန်ပါ့)၊ အဲဒါခင်ဗျားတောင်း ထားတဲ့ဆု ပြည့်လိမ့်ဦးမယ်...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေ အားမလျှော့နဲ့ဦးလို့ ပြောရတယ်...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ အတော်ဆိုးနေတယ်...။ (ဆိုးပါတယ်ဘုရား)။

ကြည့်လေ၊ ခင်ဗျားတို့ နောက်ဘဝက ဘာမသိတဲ့ အဝိဇ္ဇာတုံး...။ (သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာပါ)၊ မသိ တော့ ဒါန၊ သီလတွေ မပြုဘူးလား...။ (ပြုပါတယ်)၊ ပြုပြီးတော့ လူ့ဘဝ ရ,ရပါလို၏လို့ ဆုမတောင်းဘူး လား...။ (ဆုတောင်းပါတယ်ဘုရား)။

အဲ...ဒါန၊ သီလပြုတာက ကုသိုလ်...(မှန်ပါ့)၊ လူ့ ဘဝဆုတောင်းတာက တဏှာ...။ (မှန်ပါ့)၊ အဲဒီတော့ ပုညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရ လာဖြစ်တယ်...။ (မှန်ပါ့ဘုရား)။

ကုသိုလ်နဲ့ အကုသိုလ် လှည့်လုပ်တယ်...။ (မှန်ပါ့)၊ လှည့်လုပ်တဲ့အခါကျတော့ ခင်ဗျားတို့အတိတ်ဘဝကလဲ အသက်တိုင်းနေလို့ သေတော့ ဟာ...ဒကာ ဒကာမတို့

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ခန္ဓာ ငါးပါးလာရတယ်...။(မှန်ပါ့)၊ သဘောကျပလား...။(ကျပါပြီ)၊ ခန္ဓာငါးပါးဟာ ဘာသစ္စာတုံး...။ (ဒုက္ခသစ္စာပါဘုရား)။

ရော...ဒကာ ဒကာမတို့ ဘာသစ္စာရသတုံး...။ (ဒုက္ခသစ္စာရပါတယ်)၊ ဒကာ ဒကာမတို့ ဝဋ္ဋကုသိုလ် မလုပ်ပါနဲ့...။ (မှန်ပါ့ဘုရား)။

## ကုသိုလ်ပြုတတ်ကြရဲ့လား

တပည့်တော်သည် ဤဆွမ်း၊ ဤကွမ်း၊ ဤစာရွက် စာတမ်းတွေကိုလှူဒါန်းရတဲ့ကုသိုလ်အတွက် တပည့်တော်၏ ခန္ဓာဝန် ဒုက္ခသစ္စာဝဋ်ကြီးမှ တပည့်တော် အကျွတ်ကြီး ကျွတ်ရပါလို၏ ဆိုရင်လဲဖြစ်ပါတယ်...။ (မှန်ပါ့)၊ ဒါ ဝိဝဋ္ဋကုသိုလ်ဖြစ်တာပါပဲ...။ (မှန်ပါ့ဘုရား)။

ဆွမ်းကျွေးလဲ ဒီအတိုင်းပဲပေါ့ဗျာ...။ (မှန်ပါ့)၊ အလှူ ပေးလဲ...(ဒီအတိုင်းပါဘုရား)၊ ဒီအတိုင်းပဲ၊ ခန္ဓာဝန် ဝဋ် ဒုက္ခမှ ကျွတ်ရပါ၏အရှင်ဘုရား...။ (မှန်ပါ့)၊ ခန္ဓာဝန်က ဒုက္ခသစ္စာ...။ (မှန်ပါ့ဘုရား)။

အဲဒီဒုက္ခဝဋ်မှ တပည့်တော်ဖြင့် အကျွတ်ကြီး ကျွတ်ရပါလို၏ ဆိုလို့ရှိရင်ဖြင့် နောက်ခန္ဓာကြီး ဒုက္ခသစ္စာ ဖြစ်မှာကြောက်လွန်းလို့ သစ္စာမြင်လို့ လှူပါ၏...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဘာအလှူပါလိမ့်...။(သစ္စာမြင်တဲ့ အလှူပါဘုရား)၊ သစ္စာမြင်တဲ့အလှူဆိုတော့ ဝိဝဋ္ဋဒုက္ခဖြစ်ပါတယ်...။ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဆွမ်းကပ်ကြ၊ ဘာလုပ်ကြနဲ့ အမျိုးမျိုး ပေါ့ဗျာ...။ (မှန်ပါ့)၊ ကိုယ်တတ်အားသရွေ့ လှူကြတန်းကြတာ၊ ဘုန်းကြီးက တချို့ကျတော့ အလှူမခံဘူး...။ (မှန်ပါ့ဘုရား)။

တချို့ကျတော့ အလှူမခံတာက သူများကုသိုလ် ဖြစ်မှာစိုးလို့လားလို့ ဒကာ ဒကာမတွေက မေးဖို့ကောင်းတယ်...။ (မှန်ပါ့)၊ သူများလှူတာပဲဘုရား၊ အရှင်ဘုရားက အလှူပဲ ခံလိုက်ပါတော့၊ ဩော်...သူတို့မှာ ကုသိုလ်မဖြစ်ရရှာဘူး၊ အရှင်ဘုရားက ပြောလိုက်တော့...(မှန်ပါ့ဘုရား)။

ဟာ...ကုသိုလ်ဖြစ်တာ **ဒီကုသိုလ်က နင်တို့ ဒုက္ခဖြစ်မည့် ကုသိုလ်မို့ ငါ အလှူမခံချင်ဘူး**...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့တုံး...။ (ဒုက္ခဖြစ်မည့်ကုသိုလ်မို့ အလှူမခံချင်ပါဘုရား)။

ဒုက္ခဖြစ်မည့် ကုသိုလ်ဖြင့် သူသည် ဘုန်းကြီးဆီမှာလဲ လာလှူရသေးတယ်...။ (မှန်ပါ့)၊ သူ ဒုက္ခဖြစ်ဖို့ ကိုလဲ သူ ကြိုးစားသေးတယ်ဆိုတာ ငွေကုန်လူပန်းဖြစ်နေတယ်...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးဆီကျတော့ ကိုင်း...ဆိုင်း လိုက်ပါဦး...။ (မှန်ပါ့)၊ တရားကလေး အားထုတ်လိုက် ပါဦး၊ ဖြစ်ပျက်ကလေးမြင်အောင် လုပ်လိုက်ပါဦး...။ (မှန်ပါ့)၊ အဲဒီ ဖြစ်ပျက်ဟာ ဘာသစ္စာတုံး...။ (ဒုက္ခသစ္စာ ပါဘုရား)။

အဲဒီဒုက္ခသစ္စာကြီးကို ကျွတ်ချင်တဲ့အချိန်ကျတော့ လာပေ့ ခန္ဓာကိုယ်ပေါင်းပြီးလှူ၊ ဒီကျတော့လဲ လက်ခံ တယ်...။ (မှန်ပါ့)၊ သဘောပါပလား...။ (ပါ–ပါပြီ)၊ ဒါဖြင့် လမ်းညွှန်ကောင်းဆိုတာ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

သြော်...အအို၊ အသေရမည့် အလှူမျိုးကျတော့ မလှူစေချင်ဘူး...။ (မှန်ပါ့)၊ အအို၊ အသေလွတ်မည့်အလှူ မျိုးကျတော့ လှူစေချင်တယ်၊ အဲဒါကျတော့ ဘုန်းကြီးတို့က အထူးတိုက်တွန်းတယ်...။ (မှန်ပါ့)၊ လုပ်စမ်းပါဟာ၊ ဒီဥစ္စာ လုပ်စမ်းပါဟာဆိုပြီး သကာလ...။ (မှန်ပါ့)။

တချို့ ဒကာ ဒကာမရော သိန်းကုန်၊ သောင်းကုန် လှူချင်ကြတယ်။ ဆိုင်းပါဦးကွာ...။ (မှန်ပါ့)၊ တစ်ခါတည်း တားတာပဲ...။ (မှန်ပါ့)။

ဘယ့်နှယ်အရှင်ဘုရား...သူတစ်ပါး၏ ပုညက္ခေတ္တ ရာယ် မဖြစ်ဘူးလား...၊ ကောင်းမှုကုသိုလ်၏......(မှန်ပါ့)၊ ဟာ... သူက ဉာဏ်ကမပါသေးဘူးကွ၊ ဉာဏ်ပါအောင် အဆိုင်း နိုင်းရသေးတယ်...။ (မှန်ပါ့)။

ဉာဏ်ပါအောင် အဆိုင်းခိုင်းတော့ ဉာဏ်ခန္ဓာကိုယ်ကြီးကို သူက တရားအားထုတ်နိုင်တဲ့ပုဂ္ဂိုလ်ဖြစ်လို့ ရှိရင်လဲ သူ့ပင်္ဂသန္ဓေခန်းကို ဟောလိုက်တယ်...။ (မှန်ပါ့)။

ဟောလိုက်တဲ့အခါကျတော့ ကလလရေကြည်ကလေးနဲ့ မင်း နေချင်သလား...။ (မှန်ပါ့)၊ အပေါ်မှာ အစာသစ်တွေ ရွက်ပြီးတော့ အောက်ကျင်ကြီးတွေပေါ် ထိုင်တဲ့ ဒုက္ခကို မင်း ကြိုက်လား...။ (မှန်ပါ့)။

အထဲမှာ အဝတ်မကပ်၊ အစားပြတ်နေတဲ့ ဒုက္ခ မင်း ကြိုက်သလား...။ (မှန်ပါ့)၊ သူက မကြိုက်ဘူးချည့် ပြောမယ်၊ အဲဒါ ဇာတိဒုက္ခကွ...။ (မှန်ပါ့)။

အဲဒီဒုက္ခကြီး ကြောက်လွန်းလို့၊ ဒီဒုက္ခမှ လွတ်ရာ ရောက်ချင်လို့ လူ့ပါ၏...မင်း နှလုံးသွင်းဦးကွ...။ (မှန်ပါ့)၊ ဒီလို့ကို သင်ယူရတယ်...။ (မှန်ပါ့)။

နို့မဟုတ်လို့ရှိရင် ရော့...အင့်...ဆိုပြီး သူက လှူပြီး ဝမ်းသာပြီး ငါတော့ နောက်ဘဝကောင်းစားပြီလို့ ထင်နေမှာပဲ၊ ✦ ဘယ်နောက်ဘဝက ကောင်းစားရမှာတုံး၊

---

✦ ကျေးဇူးရှင်ဆရာတော်ကြီးသည် ခပ်ကြမ်းကြမ်းဟောမှ ရမည့်သူများကို ခပ်ကြမ်းကြမ်းပဲ ဟောတော်မူသည်ဟု နားလည်ရန်လိုအပ်ပေသည်။ဆရာတော်ကြီးသည် တစ်ဘဝနှင့်ကိစ္စပြီးအောင် ကယ်ယူပို့ဆောင်တော်မူနေခြင်းဖြစ်ရာ ဘုံဘဝ၌ တစ်လုံလဲလဲ တဝဲလည်လည် ဖြစ်နေကြမည်ကို အထူးစိုးရိမ်တော်မူပြီး ရင်းခြာသော တပည့်များအား ခပ်ကြမ်းကြမ်း ဟောတော်မူခြင်း ဖြစ်သည်။

ဝမ်းထဲမှာ ချောက်ကျတာ...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ သဘောကျပလား...။ (ကျပါပြီ)။

နောက်ဘဝ မသာဖြစ်တာဟာ ကောင်းစားတာလား...မကောင်းစားတာလား...။ (မကောင်းစားတာပါဘုရား)။

နောက်ဘဝ ဘာဖြစ်သတုံး...။ (မသာဖြစ်ပါတယ်)၊ မသာဖြစ်တာ ဒီအသုဘပဲ မဟုတ်လား...။ (အသုဘ) အသုဘဆိုတော့ မြို့ထဲက ကြည်ညိုသလား...၊ ဆွဲထုတ်သလား...။ (ဆွဲထုတ်ပါတယ်ဘုရား)။

ဟာ...ဒါဖြင့် မသာဖြစ်အောင်လုပ်တဲ့ ကုသိုလ်ဖြင့် ဘယ်ကောင်းမတုံး...။ (မှန်ပါ့)၊ ဟုတ်လား...။ (မှန်ပါ့)၊ မသာလွတ်အောင်လုပ်တဲ့ ကုသိုလ်ဖြင့် ဘုန်းကြီးများက တိုက်လဲတိုက်တွန်းတယ်၊ ခင်ဗျားတို့ကလဲ လှူလဲလှူပါ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

နို့မဟုတ်လို့ရှိရင်ဖြင့် ဒီမသာမှ မချရသေးဘူး၊ ဟိုမသာဖြစ်ချင်တာက စောနေတယ်...။ (စောနေပါတယ်)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဒီ မသာချရမလား...။ (မချရသေးပါ)၊ ရှေ့ ဘာတောင်းသလဲ...။ (မသာဆုတောင်းပါတယ်)၊ သွားပကောဒါလောက်ရှုးတာတော့ မကောင်းတော့ဘူး...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ ဟောဒီမှာ ခန္ဓာငါးပါး မသာကောင်ကြီး ပေါ်လာတယ်...။ (ပေါ်လာပါတယ်ဘုရား)။

ဒါက ပစ္စုပ္ပန်ဘဝ...(မှန်ပါ့)၊ ဝိညာဏ်း နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတာ ဘာတဲ့...(ပစ္စုပ္ပန်ဘဝပါ)၊ စာရွက်ကြည့်လဲ ဒီအတိုင်းပေါ်တာပဲ...။ (မှန်ပါ့)။

နောက်ဘဝက မသိတာက ဘာတဲ့...(အဝိဇ္ဇာပါ)၊ အင်း...လှူတာတန်းတာကလဲ ကုသိုလ်...(မှန်ပါ့)၊ အဲဒီတော့ ပုညာဘိသင်္ခါရနဲ့ အပုညာဘိသင်္ခါရ နောက်ဘဝက ပါခဲ့တယ်...။ (ပါခဲ့ပါတယ်ဘုရား)။

အဝိဇ္ဇာပစ္စယာ...(သင်္ခါရပါ)၊ သင်္ခါရာပစ္စယာ...(ဝိညာဏ်ပါဘုရား)၊အဲ...အခုဘဝ ခန္ဓာငါးပါးမရဘူးလား...။ (ရပါတယ်ဘုရား)၊ခန္ဓာငါးပါးကဇာတိကာစ,တယ်...။(မှန်ပါ့)။

ဇာတိကို ဘုရားက ဘာဟောလိုက်သလဲ...။ (ဒုက္ခသစ္စာပါ)၊ ※ ဟာ...ခင်ဗျားတို့ လူလဲလူရသေး ဒုက္ခလဲ ရောက်တယ်...။ (မှန်ပါ့)၊ ပေါ်ပြီ...။ (ပေါ်ပါပြီ)၊ မလူတတ်လို့ ရောက်သွားတာ၊ လူတတ်ရင် လွတ်သွားတယ်...။ (မှန်ပါ့)။

---

※ ဆရာတော်ကြီးသည် လူတန်းတတ်အောင် သင်နေခြင်း ဖြစ်၍ ဝဋ်တောင့်တပြီး လူတဲ့အလူမျိုး ဖြစ်မသွားရအောင် ဤမျှသတိပေးတော်မူနေခြင်း ဖြစ်သည်။

မလှူတတ်တော့...(ဒုက္ခရောက်ပါတယ်)၊ လှူတတ်တော့...(ဒုက္ခလွတ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ သေသေချာချာ ရှင်းရှင်းလင်းလင်း တရားကိုနာပါ...။ (မှန်ပါ့)၊ ကောင်းတဲ့ ကုသိုလ် ဝဋ်ကျွတ်တဲ့ ကုသိုလ်ကိုလုပ်ပါ...။ (မှန်ပါ့)။

ဝဋ်ဖြစ်စေတတ်တဲ့ ကုသိုလ်ကို...(မလုပ်ပါနဲ့)၊ အသေရတဲ့ ကုသိုလ်ကို...(မလုပ်ပါနဲ့)၊ အသေလွတ်တဲ့ ကုသိုလ်ကို...(လုပ်ပါ)၊ ဒါ့ကြောင့် တို့ဆရာဘုန်းကြီးက ဒါလောက်ပြောတာကိုးလို့မှတ်ပါ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပါစို့ ဒကာ ဒကာမတို့၊ တရားပွဲကြီး ပြီးဖို့ကလဲ အချိန်နီးလာပြီ၊ ခင်ဗျားတို့ ဖြတ်လမ်း ပြဦးမှ၊ မဟုတ်ဘူးလား...။ (မှန်ပါ့)၊ ဖြတ်လမ်းပြဦးမှ ဆိုတာ ဒကာသစ် အချိန်ရောက်ပါပြီ...။ (မှန်ပါ့)၊ မပြရင် တော်ပါ့မလား...။ (မတော်ပါဘုရား)။

ကဲ...ဒါဖြင့် ဒီလိုလုပ်ကြပါစို့၊ အတိတ်ဘဝက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်ကြောင့် ဒကာ ဒကာမတို့ ဒီဘဝ ဘာရသတုံး...။ (ခန္ဓာငါးပါးရပါတယ်ဘုရား)၊ ဒီဘဝခန္ဓာငါးပါးရတယ်ဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

ဒီဘဝ ခန္ဓာငါးပါးထဲက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊

ဥပါဒါန် ကံတွေ မပေါက်ပွားဖို့ အရေးကြီးပါတယ်...။ (မှန်ပါ)၊ မပေါက်ပွားဖို့...(အရေးကြီးပါတယ်ဘုရား)။

အဲဒီတော့...ဒီမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတော့ကို ဝေဒနာမှာ လမ်းမဆုံးဘူးလား...။ (ဆုံးပါတယ်ဘုရား)။

ခန္ဓာငါးပါးမှာ ဘယ်မှာ လမ်းဆုံးသတုံး...။ (ဝေဒနာမှာ လမ်းဆုံးပါတယ်ဘုရား)၊ ကြည့်...ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ...(မှန်ပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။ ✦

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာငါးပါးမှာ ဘယ်ဟာ လမ်းဆုံးသလဲ...။ (ဝေဒနာလမ်းဆုံးပါတယ်ဘုရား)။

ဒါဖြင့် ဒီဝေဒနာနောက်ကနေပြီး ကျုပ်တို့ မဂ်လိုက်မှ ရတော့မယ်...။ (မှန်ပါ)။

မဂ်လိုက်မှ ဘာတုံး...။ (ရမှာပါဘုရား)၊ မဂ်မလိုက်လို့ရှိရင် ဒီငါးခု လိုက်ရမယ်...။ (မှန်ပါဘုရား)၊ မဂ်မလိုက်လို့ရှိရင် အဝိဇ္ဇာ၊ သင်္ခါရ တဏှာ၊ ဥပါဒါန်ကံလိုက်မယ်...။ (လိုက်ပါတယ်ဘုရား)၊ မလိုက်ပေဘူးလား...။ (လိုက်ပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မဂ္ဂင်ငါးပါးလိုက်ရ

---

✦ ပုံစံစက်ဝိုင်းကို ထောက်ပြတော်မူသည်။

အောင်...။ (မှန်ပါ့ဘုရား)၊ မဂ္ဂင်ငါးပါးလိုက်တော့ ဒီခန္ဓာငါးပါးကို ဖြန့်လိုက်...။ (မှန်ပါ့)။

ဒကာ ဒကာမတို့ ခန္ဓာငါးပါးကို ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာနဲ့ ဖြန့်လိုက်...။ (မှန်ပါ့)၊ ဖြန့်ပြီးပြီ မဟုတ်လား...။ (မှန်ပါ့)။

အတိတ်အကြောင်းကြောင့်ဖြစ်တဲ့ ပစ္စုပ္ပန်ခန္ဓာကြီးကို ငါးပါးဖြန့်လိုက်ပါပြီ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)၊ ငါးပါးဖြန့်လိုက်တော့ကို ဒီငါးပါးထဲမှာ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဖန်လိုက်...။ (မှန်ပါ့ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**သတိပဋ္ဌာန်လေးပါး**

ဒါဖြင့် ဒကာ ဒကာမတို့ ရုပ်တရားက ကာယာနုပဿနာ...(မှန်ပါ့)၊ ဝေဒနာက...(ဝေဒနာနုပဿနာပါ)၊ သညာသင်္ခါရက ဓမ္မာနုပဿနာ...(မှန်ပါ့ဘုရား)၊ ဝိညာဏ်က စိတ္တာနုပဿနာ...(မှန်ပါ့)၊ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဖန်လိုက်တော့ ခန္ဓာငါးပါးဟာ လေးပါးဖြစ်တယ်...။ (မှန်ပါ့)။

ခန္ဓာငါးပါး လေးပါးဖြစ်သွားတော့ ဒကာ ဒကာမတွေ ဒကာ ဒကာမတွေကို ဘုန်းကြီးက သင်လိုက်ဟယ်...၊ ဒကာ ဒကာမတွေ စိတ်ပဲ ရှုပါ...။ (မှန်ပါ့)။

ဘာတဲ့...(စိတ်ပဲရှုပါဘုရား)၊ စိတ်ရှုပါလို့ ဘုန်းကြီးက သင်လိုက်တယ်...။ (မှန်ပါ)၊ သင်လိုက်တော့ ကဲ... ငါးပါး ဟာ အကုန်ဖြုတ်လိုက်၊ စိတ်တစ်လုံးတည်း ထားကြဦး နော်...။ (မှန်ပါဘုရား)။

## စိတ္တာနုပဿနာရှုပါ

ဒကာ ဒကာမတို့ စိတ်သည်ကားလို့ဆိုရင် လောဘ စိတ်လာလဲ ဖြစ်ပျက်ရှု...(မှန်ပါဘုရား)၊ ဒါက လောဘ စိတ်၊ ဒီက ရှုတဲ့ မဂ်ပေါ့ဗျာ...။ (မှန်ပါ)၊ ကိုယ့်ဉာဏ်က လောဘလာလဲ ဖြစ်ပျက်ရှု၊ ဒေါသလာကော...(ဖြစ်ပျက်ရှု ရမှာပါ)၊ ဖြစ်ပျက်ရှုနေတော့ မဂ်ဝင်လာတယ်...။ (မှန်ပါ ဘုရား)၊ မဂ်ဝင်လာတော့ ဒီခန္ဓာကြီးက "ဝေဒနာပစ္စယာ တဏှာ" လာသေးရဲ့လား...။ (မလာပါဘုရား)။

ဪ...ဒါဖြင့် ဝေဒနာနိရောဓာ...(တဏှာနိရောဓော ပါဘုရား)၊ ပေါ်သွားပြီ...။ (ပေါ်သွားပါပြီဘုရား)။

ဝေဒနာချုပ်တာကလေးက နိရောဓ...(မှန်ပါဘုရား)၊ ဒီက ရှုလိုက်တဲ့ မဂ်ကလေးက နိရောဓ...(မှန်ပါ)၊ သူက ဘာကို နိရောဓဖြစ်စေသတုံးမေးတော့မှ တဏှာမလာတဲ့ နိရောဓ...(မှန်ပါ)။

ဒကာဒကာမတို့ဝေဒနာဖြစ်ပျက်ရှုတော့ဝေဒနာနိရော ဓော...(မှန်ပါ)၊ ရှုတဲ့မဂ်က...(တဏှာနိရောဓောပါ ဘုရား)။

ဒါဖြင့် နေရာကျပြီ၊ "ဝေဒနာနိရောဓာ တဏှာနိရောဓော" ဖြစ်အောင် လုပ်နိုင်လို့ရှိရင် ဒကာ ဒကာမတို့ အနာဂတ်အကြောင်းဆိုတာ ဘယ်နှယ်နေသတုံး…။ (ချုပ်ပါတယ်ဘုရား)၊ ဒါဖြင့် အနာဂတ်အကျိုး ဒုက္ခသစ္စာ လာဦးမလား…။ (မလာပါဘုရား)။

ဒီ ဒုက္ခသစ္စာထဲကကော သမုဒယသစ္စာငါးပါး ပြန်ပြီး ပေါက်ပွားနိုင်သေးရဲ့လား…။ (မပေါက်ပွားနိုင်ပါဘုရား)၊ မပေါက်ပွားနိုင်လို့ရှိရင် သံသရာပြတ်ပြီ…။ (မှန်ပါ့)၊ ရိပ်မိကြပလား…။ (ရိပ်မိပါပြီဘုရား)။

ဘာပြတ်ပါလိမ့်…။ (သံသရာပြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာ ရှုလို့ရှိရင်လဲ သံသရာပြတ်တယ်…။ (မှန်ပါ့)၊ စိတ်ရှုရင်ကော…(သံသရာပြတ်ပါတယ်ဘုရား)။

သံသရာပြတ်တယ်ဆိုတော့ ဩော်…ဒါဖြင့် ဒကာ ဒကာမတို့ ဘာ့ကြောင့်ပြတ်ပါလိမ့်မတုံးဆိုတော့ ဒီအထဲမှာ သိတဲ့အတိုင်းတဲ့၊ တဏှာလာသေးရဲ့လား…။ (မလာပါဘုရား)။

ဩော်…ဒါဖြင့် သက္ကာယဒိဋ္ဌိ ပြုတ်ပြီ…။ (ပြုတ်ပါပြီဘုရား)၊ အဝိဇ္ဇာကော လာသေးရဲ့လား…။ (မလာပါဘုရား)၊ ရှင်းပြီနော်…။ (ရှင်းပါပြီဘုရား)၊ တဏှာ၊

ဥပါဒါန်၊ ကံတွေကော...(မလာပါဘုရား)၊ အဝိဇ္ဇာသင်္ခါရ ကော...(မလာပါဘုရား)။

ဟာ...ဒါဖြင့် ဒကာ ဒကာမတို့ သင်္ခါရဆိုတာသည် ခုနင်က ပြခဲ့တုန်းက ဒေါက်တွေပဲ...။ (မှန်ပါ့ဘုရား)၊ အဝိဇ္ဇာဆိုတာက ပုံတောင်း...(မှန်ပါ့ဘုရား)၊ သဘောကျ ပလား...။ (ကျပါပြီဘုရား)။

တဏှာ၊ ဥပါဒါန်၊ ကံတွေသည်ကားလို့ဆိုရင် ဒကာ ဒကာမတို့ ဒေါက်တွေလို့ မပြောဘူးလား...။ (ပြောပါ တယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သိတဲ့အတိုင်း...တဲ့၊ အဝိဇ္ဇာ၊ သင်္ခါရဆိုတဲ့ ပုံတောင်းကြီးလဲ ကျိုးသွားပြီ...။ (မှန်ပါ့)၊ ပုံတောင်ကြီးလဲ ရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ ဒီက တဏှာ၊ ဥပါဒါန်၊ ကံတွေကော လာနိုင်သေးရဲ့ လား...။ (မလာနိုင်ပါဘုရား)၊ ဒါဖြင့် ဒေါက်တွေကော... ပြုတ်သွားပါပြီဘုရား)။

ဒါဖြင့် ဒေါက်တွေပြုတ်သွားလို့ရှိရင် ဇရာ၊ မရဏ အကွပ်ကြီးဟာ သူ့ဟာသူနေရုံပဲရှိတော့တယ်၊ ကျုပ်တို့နဲ့ ဆက်သေးရဲ့လား...။ (မဆက်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာရှုရင်လဲ ရပါ တယ်...။ (မှန်ပါ့ဘုရား)၊ စိတ်ရှုရင်လဲ...(ရပါတယ်ဘုရား)၊

ပုံတောင်းလဲ ပျက်ပါတယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒေါက်တွေကော...(ပြုတ်ပါတယ်ဘုရား)၊ ဇရာ၊ မရဏအကွပ်ကြီးကော လာနိုင်သေးရဲ့လား...။ (မလာနိုင်ပါဘုရား)၊ မလာနိုင်ဘူးဆိုတာ သေချာပါတယ်...။ (သေချာပါတယ်)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာကြိုက်ရင် ဝေဒနာရှု...(မှန်ပါ့)၊ စိတ်ကြိုက်ရင်ကော...(စိတ်ရှုရပါမယ်ဘုရား)၊ သဘောပါပလား...။ (ပါ–ပါပြီဘုရား)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ မရှုရင်ဖြင့် ဒီပုံတောင်း ကွဲမှာ မဟုတ်ဘူး...။ (မကွဲပါဘုရား)၊ ဒေါက်တွေကော...(မပြုတ်ပါဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)၊ ဇရာ၊ မရဏ အကွပ်ကြီးကော ပြုတ်ကျပါ့မလား...။ (မကျပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒကာ ဒကာမတွေ သတိပေးချင်တာက ဒီ အဝိဇ္ဇာ၊ တဏှာပုံတောင်းကြီးပေါ်မှာ သင်္ခါရဆိုတဲ့ ဒေါက်တွေကို ခင်ဗျားတို့မျက်လုံးပေါက်ကလဲ ဒေါက်တွေပြုတ်ပြီ...။ (မှန်ပါ့)၊ နားပေါက်ကကော...(ပြုတ်ပါပြီဘုရား)၊ နှာခေါင်းပေါက်ကော...(ဒေါက်တွေ ပြုတ်ပါပြီ)၊ လျှာပေါက်ကကော...(ဒေါက်တွေပြုတ်ပါပြီဘုရား)။

ခင်ဗျားတို့က ဒေါက်ပေါင်းရင် ဒေါက်လဲတယ်...။ (မှန်ပါ့)၊ အတော်ခွကျတဲ့လူတွေ...။ (မှန်ပါ့)။

ဒေါက်ပေါင်းရင်...(ဒေါက်လဲပါတယ်)၊ စက်ရုံက ဘယ်နှစ်ရုံရှိသတုံး ခြောက်ရုံ...။ (မှန်ပါ့)၊ မျက်လုံးပေါက်လဲ တဏှာ ဉပါဒါန် လာနိုင်တာပဲ...။ (မှန်ပါ့)၊ တဏှာ ဉပါဒါန် မလာနိုင်ဘူးလား...။ (လာနိုင်ပါတယ်)၊ နားပေါက်ကကော...(လာနိုင်ပါတယ်)။

ဒါဖြင့် တစ်နေ့ တစ်နေ့ မျက်လုံးပေါက်ကနေပြီး ခင်ဗျားတို့ ပုံတောင်း ဘယ်နှစ်ခု လုပ်သတုံး...။ (မရေတွက်နိုင်ပါ)၊ သြော်...ဟိုမှာပျက်လို့ အစားထိုးတယ်...။ (မှန်ပါ့)၊ လည်နေတာကြီးတွေ ရပ်သွားမှာစိုးလို့...။ (မှန်ပါ့ဘုရား)။

ဒေါက်တွေလဲ တစ်နေ့ ဘယ်နှစ်ခါအစားထိုးသလဲ...။ (မရေတွက်နိုင်ပါ)၊ ဘယ်စက်ရုံတွေမှာလုပ်ပြီး အစားထိုးနေပါလိမ့်မတုံး၊ ဒွါရခြောက်ပေါက်စက်ရုံတွေဘုရား...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဘယ်စက်ရုံတွေက အစားထိုးနေသတုံး...။ (ဒွါရခြောက်ပေါက်စက်ရုံတွေကပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သားရေး၊ သမီးရေး လုပ်နေတာလဲ ပုံတောင်းအစားထိုးဖို့ပြင်တာ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဝဋ်မှတောင့်တတဲ့ ကုသိုလ်တွေလုပ်နေတာလဲ ဒေါက်ပျက်လို့ရှိရင် ဒေါက်အစားထိုးဖို့...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့်...ဒွါရခြောက်ပေါက်က စက်ရုံကြီး ခြောက်ရုံ...(မှန်ပါ့)၊ ပုံတောင်းအိုရင်...(အစားထိုးပါတယ်)၊ ဒေါက်အိုရင်...(အစားထိုးပါတယ်ဘုရား)။

ဩော်...ခက်လိုက်တာ၊ ခင်ဗျားတို့ဟာကလဲ အရင်ဟာကိုပဲ အတော်အရှုပ်ဆိုးနေတဲ့ဥစ္စာ၊ နောက်ထပ်အစားထိုး ဦးမယ်ဆိုတော့ လည်လို့ပဲ ပြီးနိုင်ပါဦးမလား...။ (မပြီးနိုင်ပါဘုရား)။

## ဝိပဿနာမှတစ်ပါး ကယ်နိုင်တာ မရှိ

ဒါ့ကြောင့် ဘုန်းကြီးက ယနေ့ ဒကာ ဒကာမတွေ ပုံတောင်းလဲ မလုပ်နဲ့တော့...။ (မှန်ပါ့)၊ ဒေါက်လဲ အစားမထိုးနဲ့တော့...။ (မှန်ပါ့)၊ နို့မို့ သေပွဲချည့်ဝင်နေရလိမ့်မယ်...။ (မှန်ပါ့)၊ ဇရာ၊ မရဏာလက်ချက်နဲ့ချည့်ပဲ အသက်ထွက်နေတယ်...။ (မှန်ပါ့)၊ ဒါကြောင့် ခင်ဗျားတို့ မဂ်နဲ့ဖြက်ချ...။ (မှန်ပါ့ဘုရား)။

မဂ်နဲ့ဖြတ်ချတော့ မဂ်ဆိုတာ ဝိဇ္ဇာလား...အဝိဇ္ဇာလား...။ (ဝိဇ္ဇာပါ)၊ သင်္ခါရကော သင်္ခါရလား...အသင်္ခါရလား...။ (အသင်္ခါရပါ)၊ ဒါဖြင့် အဝိဇ္ဇာနဲ့ သင်္ခါရ နောက်က

ချုပ်တယ်...။ (မှန်ပါ့)၊ ရှုလိုက်ရင် အဝိဇ္ဇာသင်္ခါရချုပ်တယ်...။ (မှန်ပါ့ဘုရား)။

ဝေဒနာ ရှုလိုက်သဖြင့် တဏှာ၊ ဥပါဒါန်၊ ကံကကော... (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာသင်္ခါရလဲ ချုပ်၊ တဏှာ ဥပါဒါန် ကံကလဲ ချုပ်လို့ရှိရင်ဖြင့် ဟိုဘက်မှာ သေပွဲတွေ ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ဒါဖြင့် သေပွဲလွတ်အောင် မဂ္ဂသစ္စာပဲ တတ်နိုင်တယ်...။ (မှန်ပါ့)၊ တခြားဟာတွေ တတ်နိုင်သေးရဲ့လား...။ (မတတ်နိုင်ပါဘုရား)။

ဒါကြောင့် ဘုန်းကြီးပြောတဲ့ ဝိပဿနာအလုပ် လုပ်နေတာသည် ဒကာ ဒကာမတို့ ပုံတောင်းချိုးနေတာ၊ ဒေါက်တွေ နောက်ထပ် အစားထိုးမလုပ်တာ... (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဝိပဿနာလုပ်နေတာ ဘာပါလိမ့်...။ (ပုံတောင်း ချိုးနေတာ၊ ဒေါက်တွေ နောက်ထပ် အစားမထိုးတာပါ ဘုရား)။

အေး...ပုံတောင်းတွေကိုလဲ တစ်ခါတည်း ဖျက်ဆီး နေတယ်...။ (မှန်ပါ့)၊ ဒေါက်တွေကိုလဲ နောက်ထပ် မလုပ် တော့တာပဲ...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဇရာ၊ မရဏဆိုတဲ့ အကွပ်ကြီးဟာ နောက်ထပ် လာစရာလိုသေးသလား...။ (မလိုပါဘုရား)။

ဒါဖြင့် ဝိပဿနာမှတစ်ပါး ကယ်နိုင်တာ ရှိသေးရဲ့ လား...။ (မရှိပါဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီ ဘုရား)။

ကိုင်း...ယနေ့ ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။